ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့၊ (27-12-2010) (၆၆၂၅)

ကမ်းနားလမ်းသစ်သည် ပိုလ်တထောင်ဈေးလမ်းမှ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလလမ်း (ပိုလ်တထောင်)မှ ဗန္ဓုလတံတားအထိ၊ ဗန္ဓုလတံတားမှ ယမုံနာလမ်းအထိ၊ ယမုံနာလမ်းမှ ရွှင်းသာပန်းခြံလမ်းအထိ၊ ရွှင်းသာပန်းခြံလမ်းမှ ရတနာလမ်းအထိ၊ ရတနာလမ်းမှ ပဲခူးမြစ်လမ်းအထိ၊ ပဲခူးမြစ်လမ်းမှ ရေဝတီလမ်းအထိ၊ ရေဝတီလမ်းမှ မောင်းမကန်ကမ်းသာလမ်းအထိ၊ မောင်းမကန်ကမ်းသာလမ်းမှ အမှတ်(၂)လမ်းမကြီးသို့ ဆက်စပ်ပေးမည့် ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်။

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၆

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် နံနက် ၁၀ နာရီတွင် အေးရှားဝေါလ် အလုံဆိပ်ကမ်းသို့ ရောက်ရှိလာရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။



**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ အတွင်းရေးမှူး(၁)အား အေးရှားဝေါလ် အလုံဆိပ်ကမ်းရှိ အုပ်ချုပ်မှုရုံးအစည်းအဝေးခန်းမ၌ အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ကြည့်မြင်တိုင် ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေးလမ်းထိပ်အထိ လမ်းအရှည် ၄ ဒသမ ၆၉မိုင် ရှည်လျားသည့် ကမ်းနားလမ်းသစ်ကို ယာဉ်သွားလမ်း ၄၈ ပေ၊ လမ်းပခုံးတစ်ဖက်လျှင် ခြောက်ပေစီပါဝင်သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ အဆိုပါလမ်း၌ပါဝင်သည့် ကားလမ်းဖြတ်တံတား လေးစင်းနှင့် ရထားလမ်းဖြတ်တံတားသုံးစင်း တည်ဆောက်ပြီးစီးမှု၊ လမ်းသစ်တစ်လျှောက် အမာခံကောင်းမွန်ရေးအတွက် အောက်ခံဒုအခြေခံလွှာခင်းခြင်း ပြီးစီးမှုများကို အပိုင်းရှစ်ပိုင်းခွဲခြား၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဗိုလ်တထောင်ဈေးလမ်းမှ အမှတ်(၂) လမ်းမကြီးအထိ လမ်းအရှည် ၁၉ ဒသမ ၉၄ မိုင်ကို ခြောက်လမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက နောင်အနာဂတ်တွင် ရန်ကုန်မြို့ ကမ်းနားလမ်း၌ ကုန်စည်တင်မော်တော်ယာဉ်များဖြင့် ယာဉ်ကြောကျပ်တည်းမှု မရှိစေရန်အတွက် **စာမျက်နှာ ၃ ကော်လံ ၁ သို့**



**ကြည့်ရှု စစ်ဆေး**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ဗိုလ်တထောင်ဈေးလမ်းမှ အမှတ်(၂) လမ်းမကြီးအထိ ခြောက်လမ်းသွားလမ်းမကြီး အဖြစ် တိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

The Mirror

၂၇-၁၂-၂၀၁၀
(တနင်္လာနေ့)

# လူငယ်များ ထူးချွန်ထက်မြက်အောင် ပြုစုပျိုးထောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးသည် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ပါ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်သူတို့၏ လက်တွဲပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာအကောင်အထည်ဖော်နေပြီ။ မကြာမီကာလတွင် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာပေတော့မည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည်။

နိုင်ငံတော်က တည်ငြိမ်အေးချမ်းရေးကို အလေးထားသည်။ တိုင်းရင်းသားပြည်သူအားလုံး စီးပွားရေးဘဝ တိုးတက်ခိုင်မာရေး အစဉ်တစိုက်ဖြည့်ဆည်းဖော်ဆောင်ပေးနေသည်။ အမျိုးသားပညာရည်မြင့်မားစေရေး နှစ်ရှည်နှစ်တိုစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ရှေးရှုကြိုးပမ်းနိုင်ခဲ့သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးပွားခိုင်မာဖြစ်ထွန်းနေပြီ။

ယခုအခါ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ ယင်းသို့ အခြေခိုင်ခဲ့သည့် တိုးတက်ဖြစ်ထွန်းမှုများ ရရှိနေချိန်တွင် နိုင်ငံ့သားကောင်း၊သမီးမွန်များ၏ ပညာရည်စွမ်းအားနှင့် ကြွယ်ဝသော သယံဇာတအရင်းအမြစ်များ ဆက်စပ်ကြိုးပမ်းနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ပိုမိုမြင့်မားလာမည်ဖြစ်သည်။

ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများသည် တပည့်ကျောင်းသား၊ ကျောင်းသူလူငယ်များအား အသိပညာ၊ အတတ်ပညာ သင်ကြားပေးနေကြသည့် ပညာရေးဥယျာဉ်မှူးများဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအား စာပေတတ်မြောက်ရုံသာမက ပြည်ထောင်စုစိတ်ဓာတ်၊ ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝခိုင်မာရေး ပြုစုပျိုးထောင်ပေးကြရပေမည်။ ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းအတွင်း အံဝင်ခွင်ကျဖြစ်စေရေး လေ့ကျင့်သင်ကြားပေးနေကြရမည် ဖြစ်သည်။

ဆရာ၊ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များအား ပညာရည်ထူးချွန်ထက်မြက်ရေး၊ ဘိုးဘွားအမွေအနှစ် ပြည်ထောင်စုကို ချစ်မြတ်နိုးရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ လေးစားတန်ဖိုးထားရေးစသည့် စိတ်ဓာတ်ရေးရာမြင့်မားအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ယင်းသို့အစဉ်တစိုက် ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်မည့် လူရည်ချွန်လူရည်မွန်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာနေမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စုပေါင်းလမ်းလျှောက်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မောရဝတီပန်းခြံရှေ့စုရပ်၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ လမ်းလျှောက်ပွဲသို့ တက်ရောက်လာကြသူများသည် မော်လမြိုင်မြို့ မောရဝတီပန်းခြံရှေ့စုရပ်မှ စတင်ထွက်ခွာ၍ ကမ်းနားလမ်းအတိုင်း ရာမညအားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်မှုလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ကြကာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဌာနဆိုင်ရာ အမျိုးသားဘောလုံးအသင်းနှင့် ပြည်နယ်အမျိုးသမီး ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် အနိုင်ရရှိသော ပြည်နယ်အမျိုးသမီးဘောလုံးအသင်းအား တာဝန် ရှိသူတစ်ဦးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ တိုင်းမှူးသည် ဒီဇင်ဘာ ၂၀ ရက်တွင် တိုင်းအားကစားကွင်း၌ ကျင်းပသော အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

### ဖွင့်လှစ်

ရှေးဦးစွာ အလံကိုင်အဖွဲ့နှင့် ပြိုင်ပွဲဝင်အသင်းများသည် ခန်းမ၌ နေရာယူကြပြီး တိုင်းမှူးအား အလေးပြုကြကာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များသည် ပထမပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဝန်ကြီး ဦးအောင်သောင်း ရေနီစက္ကူစက်ရုံများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၆

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက် ၉ နာရီတွင် မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ရေနီအမှတ်(၂) စက္ကူစက်ရုံသို့ ရောက်ရှိပြီး တစ်နေ့ တန် (၂၀) ကျ ကတ်ထူစက္ကူစက်ရုံ၌ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် သိုလှောင်ရုံ၌ စက်ရုံမှထုတ်လုပ်ထားသော စက္ကူလိပ်များ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေး ကောင်းမွန်၍ ကုန်ထုတ်လုပ်မှုလျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ကြရန် မှာကြားသည်။**

ထို့နောက် တစ်နေ့ တန် (၅၀) သတင်းစာပျော့ဖတ်နှင့် တစ်နေ့တန် (၈၀) ထုပ်ပိုးစက္ကူစက်ရုံ(ရေနီ)သို့ ရောက်ရှိပြီး Power Plant၊ Recovery Plant ဌာနများ၊ ပျော့ဖတ်ပြုပြင်ဌာန၊ ကုန်ကြမ်းပြုပြင်ဌာနများ၏ စက်ပစ္စည်းများ ကြံ့ခိုင်မှုနှင့် ကုန်ကြမ်းသိုလှောင်ကွင်း၌ စက်မှုကုန်ကြမ်းဝါးနှင့်သစ်များ စနစ်တကျ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



### ကြည့်ရှုစစ်ဆေး

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရေနီ အမှတ်(၂) စက္ကူစက်ရုံရှိ တစ်နေ့ တန် (၂၀) ကျ ကတ်ထူစက္ကူစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (စက်မှု-၁)

## ပညာဘဏ်တိုက် စာကြည့်တိုက်

# အထက (၃) မင်္ဂလာတောင်ညွန့် (စိန့်ဂျိုးဇက်ကွန်ဗင့်) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

အထက(၃) မင်္ဂလာတောင်ညွန့် (စိန့်ဂျိုးဇက်ကွန်ဗင့်ကျောင်း)တွင် ပညာသင်ကြားပေးခဲ့ကြသော မြတ်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီတွင် ယင်းကျောင်းရှိ ယုဇနခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အာစရိယပူဇော်ပွဲအတွက် အလှူငွေများထည့်ဝင်လိုပါက အထက(၃)မင်္ဂလာတောင်ညွန့် ဖုန်း-၀၁-၃၇၅၂၁၃၊ ဒေါ်တင်တင်ရီ (၁၉၇၄)ဖုန်း-၀၁-၃၉၄၉၅၇၊ ဒေါ်အေးအေးသွယ် (၁၉၈၄) ဖုန်း-၀၉-၅၄၁၁၂၁၈၊ စုစုလှိုင် (၂၀၀၃) ဖုန်း-၀၁-၇၂၂၀၀၀၊ ဆက်မီကို (၂၀၀၄)ဖုန်း-၀၉-၅၁၂၂၅၈၁၊ ဆုဆုမြတ် (၂၀၀၅)ဖုန်း-၀၉- ၅၀၆၄၈၁၁၊ဇင်မြတ်မွန် (၂၀၀၅) ဖုန်း-၀၁-၇၃၁၂၀၅၈၈နှင့် အိကေခိုင် (၂၀၀၉) ဖုန်း-၀၁-၃၈၂၁၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ဥတုရာသီ တောကိုမှီ၏



# လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့ ပိတောက်ရွှေဝါလမ်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ စက်မှုဇုန်ရပ်ကွက် ပိတောက်ရွှေဝါလမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် အဆိုပါကတ္တရာလမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးညီညီသန့်က စက်မှုဇုန်ရပ်ကွက် ပိတောက်ရွှေဝါလမ်း ကတ္တရာလမ်းဆောင်ရွက်ခဲ့ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တက်ရောက်လာကြသော ဧည့်ပရိသတ်များနှင့်အတူ ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုသည်။

အဆိုပါ စက်မှုဇုန်ရပ်ကွက် ပိတောက်ရွှေဝါလမ်း ကတ္တရာလမ်းသည် အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် သိန်း ၁၆၀ အကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# DUAL TECH တွင် နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

အင်ဂျင်နီယာဒီပလိုမာ သင်တန်းများဖြစ်သော Air-Condition & Refrigeration Electrical , Electronic, Mechanical , M &E , Civil ( Construction) စသော Diploma သင်တန်းများထဲမှ မိမိဝါသနာပါရာ သင်တန်းများကို ရွေးချယ်တက်ရောက်နိုင်ကြောင်း သိရှိရသည်။

သင်တန်းကာလမှာ ခြောက်လ၊ တစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတိုင်း အသက်အရွယ်အကန့်အသတ်မရှိဘဲ မည်သူမဆို တက်ရောက်နိုင်သော သင်တန်းဖြစ်သည်။

AGTI အောင်မြင်ပြီးသူများသည် Advanced Diploma ကို တက်ရောက်နိုင်မည်ဖြစ်သည်။ Euro-Passအသိအမှတ်ပြု Program ဖြစ်၍ ဥရောပနိုင်ငံများသို့ သွားရောက်မည့်သူများအတွက် များစွာအထောက်အပံ့ ဖြစ်စေသည်။

သင်တန်း အောင်မြင်ပြီးသူများသည် အင်ဂျင်နီယာတစ်ယောက်အဖြစ် ပြည်တွင်း၊ ပြည်ပတွင် အလုပ်အကိုင်များ ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များတွင် ကျောင်းဆက်တက်မည်ဆိုပါက Second Year မှစတင်တက်ရောက်နိုင်ပြီး Bechelor of Engineering ဘွဲ့ကို ရယူနိုင်မည်ဖြစ်ကြောင်း။

DUAL TECH သင်တန်းကျောင်းတွင် ၂၀၁၁ ခုနှစ်အတွက် ကျောင်းသားများကို လက်ခံနေပြီး နယ်မှ ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ဘော်ဒါဆောင် စီစဉ်ပေးလျက်ရှိကြောင်း သိရှိရသည်။

Diploma သင်တန်းတက်ရောက်သော ကျောင်းသား၊ ကျောင်းသူများ အတွက် DUAL TECH ၏ အင်ဂျင်နီယာ လက်တွေ့ကျွမ်းကျင်မှု သင်တန်းများကိုပါ အခမဲ့ သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။

အသေးစိတ်သိလိုပါက DUAL TECH (အင်းစိန် Centre-1) ပြည်လမ်း မင်းဓမ္မလမ်းနှင့် စော်ဘွားကြီးကုန်း မီးပွိုင့်အနီး အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၇၂၇၂၉၃၊ ၇၃၀၆၉၆၈၂ နှင့် DUAL TECH (ရန်ကင်း Centre-2) တိုက်အမှတ် (၂၀၆/၂) ရန်ကင်းလမ်းမကြီး ၁၂ လုံးတန်းမှတ်တိုင် ရိုးမဘဏ်အနီး ရန်ကင်း ဖုန်း - ၈၅၅၀၅၉၆နှင့် ၇၃၀၂၀၈၀၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၅)လမ်းနေ [ဦးဟုတ်ရှန်-လူချင်ဌေး(ခ) ဒေါ်ကျင်]သမီး ဒေါ်ရှုရင်နှင့် မြေး မကြူကြူဝင်း မောင်နှမ မြစ်တစ်စုတို့က ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ရေလှောင်ကန်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာယဉ်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# ကမ်းနားလမ်းသစ်သည် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမည်ဖြစ်၍ လမ်းအမာခံကောင်းမွန်အောင် ဆောင်ရွက်
# လမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းတွင် ဆက်နွှယ်နေသည့်ဌာနများ ပေါင်းစပ်ညှိနှိုင်း၍ အချိန်မီပြီးစီးအောင် ဆောင်ရွက်





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ထီးတန်း ကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေးလမ်းအထိ ကမ်းနားလမ်းသစ် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

**ရွှေဖုံးမှ**

ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေး လမ်းထိပ်အထိ လက်ရှိကမ်းနားလမ်းနှင့် ရန်ကုန်မြစ်အကြား၌ လမ်းအူကြောင်းအသစ် ဖောက်လုပ်ပြီးစီးမှုနှင့် ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ဖြည့်စွက်ဆွေးနွေးပြီးနောက် ကမ်းနားလမ်းသစ်သည် စိမ့်ရေဝင်နိုင်သည့်အပြင် အဆိုပါလမ်းပေါ်၌ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမည်ဖြစ်၍ လမ်းအမာခံကောင်းမွန်အောင် ဆောင်ရွက်ရေး၊ လမ်းသစ်ကိုအသုံးပြုမည့် ကုန်တင်ယာဉ်ကြီးများအတွက် လမ်းအချိုးအကွေ့များ ပြေပြစ်ချောမွေ့အောင် စနစ်တကျ တွက်ချက်ဆောင်ရွက်ရေး၊ လမ်းသွားလမ်းလာများအတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းတွင် ဆက်နွှယ်နေသည့်ဌာနများ ပေါင်းစပ်ညှိနှိုင်း၍ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)သည် ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေးလမ်းအထိ ကမ်းနားလမ်းသစ်ဖောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယခုဖောက်လုပ်လျက်ရှိသည့် ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေးအထိ ၄ ဒသမ ၆၉ မိုင်ရှိသော ကမ်းနားလမ်းသစ်တွင် သစ်တောလမ်းမှ ဗိုလ်တထောင်ဈေးလမ်းပိုင်း၌ ကမ်းနားလမ်းသစ်သည် လက်ရှိလမ်းဟောင်းနှင့် လမ်းလယ်ကျွန်းပေ ၃၀ ခြား၍ ၄၈ ပေအကျယ် လေးလမ်းသွား လမ်းတစ်ဖက်တစ်ချက်တွင် ခြောက်ပေအကျယ်ရှိသော လူသွားစင်္ကြံ နှစ်လမ်းပါရှိသည်။ ထို့ပြင် ကမ်းနားလမ်းသစ်တွင် ရထားလမ်းကိုပါ ထည့်သွင်းတည်ဆောက်နေခြင်းဖြစ်သည်။

## ကွန်ကရစ်လမ်းမ

အဆိုပါ ကမ်းနားလမ်းသစ်သည် ဗိုလ်တထောင်ဈေးလမ်းမှ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလလမ်း(ဗိုလ်တထောင်)မှ ဗန္ဓုလတံတားအထိ၊ ဗန္ဓုလတံတားမှ ယမုံနာလမ်းအထိ၊ ယမုံနာလမ်းမှ ရှုခင်းသာပန်းခြံလမ်းအထိ၊ ရှုခင်းသာပန်းခြံလမ်းမှ ရတနာလမ်းအထိ၊ ရတနာလမ်းမှ ပဲခူးမြစ်လမ်းအထိ၊ပဲခူးမြစ်လမ်းမှ ဧရာဝဏ်လမ်းအထိ၊ ဧရာဝဏ်လမ်းမှ မောင်းမကန်ကမ်းသာလမ်းအထိ၊ မောင်းမကန်ကမ်းသာလမ်းမှ အမှတ်(၂)လမ်းမကြီးသို့ ဆက်စပ်ပေးမည့် ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမှတ်(၂)လမ်းမကြီးမှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းသို့လည်းကောင်း၊ အလားတူ ကမ်းနားလမ်းသစ်မှ အောက်ကြည့်မြင်တိုင်လမ်း၊ ယင်းမှ ဘုရင့်နောင်တံတား၊ ထိုမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးသို့လည်းကောင်း ကုန်စည်များကို ကုန်တင်ယာဉ်ကြီးများဖြင့် တစ်ဆက်တစ်စပ်တည်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

(သတင်းစဉ်)

**အမှတ်(၂) လမ်းမကြီးမှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းသို့လည်းကောင်း၊ အလားတူ ကမ်းနားလမ်းသစ်မှ အောက်ကြည့်မြင်တိုင်လမ်း၊ ယင်းမှ ဘုရင့်နောင်တံတား၊ ထိုမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးသို့လည်းကောင်း ကုန်စည်များကို ကုန်တင်ယာဉ်ကြီးများဖြင့် တစ်ဆက်တစ်စပ်တည်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်။**

## အနိမ့်ဆုံးအပူချိန် စံချိန်သစ်

**နေပြည်တော် ဒီဇင်ဘာ ၂၆** ။ ။ ပင်လောင်းမြို့၏ ယနေ့အနိမ့်ဆုံးအပူချိန် (-၃ ဒသမ ၂) ဒီဂရီစင်တီဂရိတ် ၂၆ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်သည် လွန်ခဲ့သောနှစ်ပေါင်း ၄၄ နှစ်အတွင်း ယင်းမြို့၏ ဒီဇင်ဘာလအတွက် အနိမ့်ဆုံးအပူချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၉၇၅ ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် (-၂ ဒသမ ၇) ဒီဂရီစင်တီဂရိတ် ၂၇ ဒသမ ၁ ဒီဂရီဖာရင်ဟိုက်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ ဈေးတန်းရပ်ကွက်နေ ဦးစိန်သန်းဦး၊ ဒေါ်စန်းစန်းဝင်း မိသားစုနှင့် S.T.O Co.,Ltd. ဝန်ထမ်းများ ဆောက်လုပ်လှူဒါန်းခဲ့ပြီးသော ရပ်စောက်မြို့ သုခကာရီဘိုးဘွားရိပ်သာအတွက် အသုံးပြုရန် ရာသက်ပန် ငွေပဒေသာပင် ကျပ်သိန်းတစ်ထောင်နှင့် သိန်းတစ်ရာတန် DENYO မီးစက်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၇ ရက်က သုခကာရီဘိုးဘွားရိပ်သာ အဝေရာရာမ ရန်ကင်းမွှာရုံ၌ ကျင်းပရာ အလှူငွေများကို ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်အေးခိုင် လက်ခံစဉ်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၁၂-၂၀၁၀ (တနင်္လာနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အကာ(၅)ထပ်ဖွင့်လှစ် ဉာဏ်(၅)ဆင့်"တရားတော် (ပြည်တွင်း ပြည်ပသာသနာပြု အောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၄၀ မုဒုံမြို့၏ သာသနာ့ဂုဏ်ရည်. . . ကန်တော်ဦးမှ မြတ်စေတီ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၁၇)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၄)**
၈း၄၀ Fashion Music Festival (Part-14)
၉း၁၀ စွန့်စားဝံ့သူတို့၏ သီးသန့်ကမ္ဘာ
၉း၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါ အကြောင်းသိကောင်းစရာ)
၁၀း၀၀ Activities In The City -ရခိုင်ပြည်နယ် ဂီရိမုန်တိုင်း ကယ်ဆယ်ရေးအတွက် တေးဂီတမိတ်ဆက်ပွဲ -အထက(၁) လသာ၏ အာစရိယပူဇော်ပွဲ
၁၀း၃၀ The Champion of Dance
၁၁း၁၀ ၂၀၁၀ ပြည့်နှစ် ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် နေ့ဘက်ယှဉ်ပြိုင်မှုများ
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀ ပဲတီစိမ်းစိုက်တောင်သူများ အထွက်တိုးစေမှာ ဝိစာရမှ ရွှေတိုးပါဝါ
၁၂း၂၀ ဆီးကျိတ်ရောဂါနှင့် ပတ်သက်သည့် ကုထုံးများအကြောင်းသိကောင်းစရာ (ပါမောက္ခ ဒေါက်တာတိုးလွင်)
၁း၀၀ "အာကာ(၅)ထပ်ဖွင့်လှစ် ဉာဏ်(၅)ဆင့်" တရားတော် (ပြည်တွင်း ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Celebrity Choice (ဖြိုးငွေစိုး၊ ရဲငွေစိုး)
၃း၀၅ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၁၇)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၈၄)**
၄း၅၅ စိတ်ချမ်းသာကိုယ်ကျန်းမာစေမှာ ကုမုဒြာ (အပိုင်း-၂)
၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Sunday Talk (ကြည်လင်အေး၊ မျိုးမြတ်သူ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၈)**
၇း၃၅ Fashion Music Festival (Part-15)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (တိရစ္ဆာန်မွေးတာကောင်းတယ် တိရစ္ဆာန်မမွေးတာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၈၅)**
၁၀း၁၀ ဗီဒီယိုပြခန်း
၁၀း၂၅ အနုပညာမိုးကောင်းကင်
၁၀း၄၅ စာအုပ်ပြခန်း ("ဥပဒေသိကလူရေးလှ"စာအုပ် ရေးသားသူ ဦးကျော်ဇေယျနှင့် တွေ့ဆုံမေးမြန်းခြင်း)
၁၁း၀၅ အဆင့်မြင့်ကြွေသီးစက်ရုံ (ချောက်မြို့)
၁၁း၃၀ International Show Biz
၁၁း၄၅ အမြင်ဆန်းတင့် သပ်ရပ်ခံထည် အလှဆင်မယ်
၁၂း၀၀ ဈေးဝယ်လမ်းညွှန် (La Mode)
၁၂း၂၀ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
၁၂း၃၀ ကြည်နူးစရာလက်ဆောင် အဖြာဖြာ (Royal Floral)
၁၂း၄၅ ကလေးများအတွက်အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇာ၊ ပန်းဖြူ ဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ)
၁း၀၀ Box Office Movies (The Curious Case of Benjamin Button)
၁း၃၀ Celebrity Profile (Lee Byaung Hun)
၂း၁၅ ရင်ခုန်ခံစားလူငယ်ကျွမ်းဘား
၂း၃၀ တိရစ္ဆာန်လေးတွေ မွေးကြမယ် (Selection J)
၂း၅၀ ပြင်ဦးလွင်သို့အလည်တစ်ခေါက်
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ ခြင်းပွဲ
၄း၂၀ "အင်း" ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၄း၄၀ "ကပါတဲ့ ကပါ" မြို့ရွှေဆည် ဆင်ပြိုင်ပွဲ
၄း၅၀ နံနက်ခင်းအလှ
၅း၀၀ အစီအစဉ်ပြီး။

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Arsenal -Chelsea | ESPN(Live) |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## ဒိုက်ဦးမြို့နယ် ဖအောင်ဝဲ ထက်/လယ်/ မူ မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဒိုက်ဦးမြို့နယ် ဖအောင်ဝဲကျေးရွာ ထက်/လယ်/မူ ကျောင်းသား၊ ကျောင်းသူဟောင်းများက အထက(ခွဲ)နှင့် မူ/ မူလွန်ကျောင်းများဖြစ်ကြသော ဒါးပိန်စု၊ လက်ပန်တန်း၊ မြောက်ဘက်ကမ်း၊ ရွာလယ်၊ ရွာမ၊ ဘုတရာ၊ ရေလွဲ၊ ဆားကျင်း၊ နှင်းပုလဲ၊ နတ်ကင်းကျောင်းတို့တွင် မြတ်ဆရာပူဇော်မည်ဖြစ်ရာ ဒီဇင်ဘာ ၃၀ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် အမက(လွန်)ရွာလယ် မြသရဖူခန်းမသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးတင်မောင်ဝင်း ဖုန်း-၀၁-၆၄၁၂၈၆၊ ကိုငွေး ဖုန်း-၀၁-၇၀၅၈၆၂၊ ဦးမြင့်သိန်း ဖုန်း-၀၅၂-၄၀၂၄၁၊ ဦးဝင်းမြင့် ဖုန်း-၀၅၂-၄၀၄၉၈၊ ကိုရဲမြင့် ဖုန်း-၀၅၂-၄၀၂၂၁၊ ကိုဝင်းစိုး ဖုန်း-၀၅၂-၄၀၄၉၉၊ ကိုရဲလင်းဦး ဖုန်း-၀၉-၄၉၄၄၂၁၉၈၊ ကိုစိုးညွန့် ဖုန်း-၀၉-၆၃၁၂၂၇၅နှင့် ဦးတင်ရွှေ ဖုန်း-၀၉-၄၉၄၄၂၄၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ပင်လယ်ဓားပြတိုက်ဖျက်ရေး လုပ်ပိုင်ခွင့်များ ပြင်သစ်ရေတပ်အား အပ်နှင်းရန် ပါလီမန်ခွင့်ပြု

**ပါရီ ဒီဇင်ဘာ ၂၆**

ပင်လယ်ဓားပြတိုက်ဖျက်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ပြင်သစ်ရေတပ်အား အပ်နှင်းရန် ပြင်သစ်ပါလီမန်က ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ယခုအပ်နှင်းလိုက်သော လုပ်ပိုင်ခွင့်အာဏာများအရ မည်သည့်နိုင်ငံမှမဆို ပင်လယ်ဓားပြများကို ဖမ်းဆီးနိုင်ခွင့်ရှိမည်ဖြစ်ပြီး ၎င်းတို့ကို ရုံးတင်စစ်ဆေးနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်နိုင်မည်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ရေးသားဖော်ပြသည်။

ပင်လယ်ဓားပြတိုက်ခံရသူများသည် ပြင်သစ်နိုင်ငံသားများ မဟုတ်စေကာမူ ပင်လယ်ဓားပြများကို ပြင်သစ်ရေတပ်က ဖမ်းဆီးထိန်းသိမ်းနိုင်ခွင့် ရှိလာမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံပြင်ပ၌ ကျူးလွန်သော ပင်လယ်ဓားပြတိုက်မှုများကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရန် ပြင်သစ်အာဏာပိုင်များအား ကျယ်ပြန့်သော လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းရန် ဥပဒေတွင် ဖော်ပြထားသည်။

ဆိုမာလီနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်ရှိ အေဒင်ပင်လယ်ကွေ့အတွင်း ဥရောပသမဂ္ဂ(အီးယူ)၏ ပင်လယ်ဓားပြတိုက်ဖျက်ရေးတပ်ဖွဲ့တွင် ပြင်သစ်ရေတပ်တပ်ဖွဲ့ဝင်များ ပါဝင်လှုပ်ရှားလျက်ရှိသည်။

ဥပဒေသစ်အရ ပြင်သစ်ရေတပ်တပ်မှူးများသည် ပင်လယ်ဓားပြနှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ယခင်က ပင်လယ်ဓားပြများကို ဖမ်းဆီးရမိခဲ့သော်လည်း ၎င်းတို့ကို ရုံးတင်စစ်ဆေးနိုင်ရန် တရားဥပဒေဆိုင်ရာ မူဘောင်မရှိခြင်းကြောင့် ပင်လယ်ဓားပြအများအပြားကို ပြန်လည်လွှတ်ပေးခဲ့ရသည်။ **အင်တာနက်။**



စားနပ်ရိက္ခာဖြန့်ဝေရေးစခန်းပြင်ပ၌ ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကို စစ်ဆေးနေသော ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ။

# ဒီဇင်ဘာ ၂၅ ရက် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပါကစ္စတန်နိုင်ငံသား သုံးသိန်းခန့် စားနပ်ရိက္ခာပြတ်လပ်မှု အန္တရာယ်ကြုံရ

**တီဟီရန် ဒီဇင်ဘာ ၂၆**

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် စားနပ်ရိက္ခာဖြန့်ဝေရေး စခန်းအပြင်ဘက်၌ အမျိုးသမီးအသေခံဗုံးခွဲသမားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် ၄၅ ဦး သေဆုံးခဲ့ပြီးနောက် ထောက်ပံ့ရေးအစီအစဉ်များကို ပါကစ္စတန်နိုင်ငံ ဘာဂျားခရိုင်၌ ဖျက်သိမ်းခဲ့ရာ ဆင်းရဲနွမ်းပါးသူ သုံးသိန်းခန့်တို့မှာ အစာရေစာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဒီဇင်ဘာ ၂၅ ရက် ဗုံးပေါက်ကွဲမှုနောက်ပိုင်း ဘာဂျားခရိုင်အတွင်းရှိ ရိက္ခာထောက်ပံ့ရေးအစီအစဉ်လေးခုကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ပါကစ္စတန်အစိုးရနှင့် စစ်သွေးကြွများအကြား တိုက်ပွဲများကြောင့် အိုးအိမ်များ ပျက်ကာ ဒုက္ခသည်စခန်းများ၌ ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီးနောက် ဘာဂျားဒေသသို့ ပြန်ရောက်လာသော မိသားစု ၄၁၀၀၀ သို့မဟုတ် လူဦးရေ သုံးသိန်းခန့်ကို ထောက်ပံ့ကူညီနေရသည်။

ရိက္ခာထောက်ပံ့ရေးအစီအစဉ်များကို အခွင့်အရေးရပါက အလျင်အမြန်ပြန်လည်စတင်နိုင်ရန် ကြိုးစားနေကြောင်း၊ အထူးသဖြင့် ဘာဂျားဒေသအတွင်းရှိ လိုအပ်သော အာဟာရဓာတ်ပြည့်ဝခြင်းမရှိသည့် ကလေးအများစုအတွက် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အေပီ။**



# အာဖဂန်၌ နေတိုးတပ်ဖွဲ့များ လုံခြုံရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ချိုးဖောက်

**ကဘူး ဒီဇင်ဘာ ၂၆**

ကဘူးမြို့တော်အတွင်း အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များက ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီတစ်ခုကို ဝင်ရောက်စီးနင်းစဉ်အတွင်း လုံခြုံရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ချိုးဖောက်ခဲ့ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့ပြောကြားသည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့များက ကဘူးမြို့တွင်းရှိ ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီတစ်ခုကို ဒီဇင်ဘာ ၂၄ ရက်က ဝင်ရောက်စီးနင်းခဲ့ရာ ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်းနှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းသို့စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်ကူညီခဲ့သော အာဖဂန်ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးကို တာဝန်မှ ရပ်နားခဲ့ကြောင်း သိရသည်။

အာဖဂန်ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီတစ်ခုဖြစ်သော တိုက်ဂါးအင်တာနေရှင်နယ် ကုမ္ပဏီကို အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များက အဘယ့်ကြောင့် ဝင်ရောက်စီးနင်းခဲ့ကြောင်းကို ၎င်းအားစစ်ဆေးမေးမြန်းလျက်ရှိကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့များသည် ကဘူးမြို့တော်ကို လွန်ခဲ့သည့် နှစ်နှစ်ခန့်ကစ၍ ထိန်းချုပ်ခွင့်ရရှိခဲ့ပြီး နေတိုးတပ်ဖွဲ့က မြို့တော်အတွင်း စစ်ဆင်ရေးပြုလုပ်လိုပါက အာဖဂန်အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူရမည်ဖြစ်သည်။

တိုက်ဂါးအင်တာနေရှင်နယ်ကုမ္ပဏီကို စီးနင်းတိုက်ခိုက်ခဲ့သော နေတိုးတပ်ဖွဲ့များသည် ကဘူးမြို့တော်အတွင်း စစ်ဆင်ရေးပြုလုပ်မှုနှင့် ပတ်သက်၍ ယခင်က သဘောတူညီခဲ့သော စည်းမျဉ်း စည်းကမ်းများကို အလေးထားလိုက်နာခဲ့ခြင်းမရှိကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အေပီ။**



ရုရှားနိုင်ငံ မော်စကိုမြို့တော်၌ နှင်းမိုးရွာသွန်းမှုကြောင့် ရေခဲများ ဖုံးလွှမ်းနေသည်ကို ဒီဇင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

# နှင်းမိုးရွာသွန်းမှုကြောင့် မော်စကိုလေဆိပ် ပိတ်သိမ်းခဲ့ရ

**မော်စကို ဒီဇင်ဘာ ၂၆**

ရုရှားနိုင်ငံတွင် နှင်းမိုးရွာသွန်းခဲ့သဖြင့် မော်စကိုမြို့တော်၏ အကြီးမားဆုံး လေဆိပ်ကို ဒီဇင်ဘာ ၂၅ ရက်က ပိတ်ထားခဲ့ရပြီး မြို့တွင်းလမ်းများမှာလည်း ရေခဲများဖြင့် ဖုံးလွှမ်းခဲ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

နှင်းမိုးရွာသွန်းမှုကြောင့် မော်စကိုမြို့တော်အတွင်းရှိ လူ နှစ်သိန်းကျော်နှင့် ဆေးရုံ ၁၄ ခုတို့သည် ဆောင်းရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားပြတ်လပ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေးအတွက် ရေခဲများဖုံးလွှမ်းနေသော ဓာတ်အားလိုင်းများကို ဝန်ထမ်းများက ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ရုရှားအရေးပေါ်အခြေအနေ ဝန်ကြီးဌာနက ပြောကြားသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ခြင်းကြောင့် မော်စကိုမြို့တော်၏ အဓိကလေဆိပ်ဖြစ်သော ဒိုမိုဒီဒိုဗိုလေဆိပ်ကို တနင်္ဂနွေနေ့ နံနက်ပိုင်းက ပိတ်ထားခဲ့ရပြီး လေယာဉ်များ အဆင်းအတက်ပြုလုပ်ခြင်းကို ပိတ်ပင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဆီးနှင်းလွန်ကဲစွာ ကျဆင်းမှုဒဏ်ကို ခံနေရသော ဥရောပတိုက်ဒေသများနှင့်အတူ မော်စကိုမြို့တော်၏ ဆောင်းရာသီအတွင်း လေကြောင်းခရီးစဉ်များ ရပ်နားမှုနှင့် လမ်းမတော်တဆမှုများ ဖြစ်ပွားခဲ့ခြင်းများရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **အေပီ။**

# အစ္စရေးနှင့် တူရကီအကြား ငြိမ်းချမ်းရေးရရန် ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုပြဿနာ တောင်းပန်ရန်လိုအပ်

**အင်ကာရာ ဒီဇင်ဘာ ၂၆**

တူရကီနိုင်ငံအနေဖြင့် အစ္စရေးနိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်ကောင်းမွန်စေလိုကြောင်း၊ သို့ရာတွင် အစ္စရေးနိုင်ငံသည် ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုကို စီးနင်းတိုက်ခိုက်မှုတွင် တူရကီနိုင်ငံသားများ သေဆုံးခဲ့ရခြင်းအတွက် တောင်းပန်ရန်နှင့် ၎င်းတို့အတွက် လျော်ကြေးပေးရန်လိုအပ်ကြောင်း တူရကီ နိုင်ငံခြားရေးဝန်ကြီးက ဒီဇင်ဘာ ၂၅ ရက်တွင်ပြောကြားသည်။

အစ္စရေးနိုင်ငံနှင့် သံတမန်ဆက်ဆံရေး အပြည့်အဝ ပြန်လည်ထူထောင်လိုသည့်အကြောင်း တူရကီအစိုးရ၏ သဘော ထားကို တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုဂလူက သတင်းထောက်များအား ဖွင့်ဟပြောကြားခဲ့သည်။

တူရကီနိုင်ငံသည် စစ်ရေးနှင့် စီးပွားရေးကဏ္ဍများ၌ အစ္စရေးနိုင်ငံနှင့် နီးစပ်သော ဆက်ဆံမှုရှိခဲ့သော်လည်း ယခုနှစ် မေလအတွင်း ဖြစ်ပွားခဲ့သော ဂါဇာထောက်ပံ့ရေးသင်္ဘောကို အစ္စရေးအထူးတပ်ဖွဲ့များက တက်ရောက်စီးနင်းပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး အထူးတင်းမာခဲ့ရသည်။

အစ္စရေးတပ်ဖွဲ့များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် အပိတ်ဆို့ခံ ဂါဇာကမ်းမြောင်သို့ ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသော သင်္ဘောအုပ်စုပေါ်မှ တူရကီနိုင်ငံသားကိုးဦး သေဆုံးခဲ့ရသည်။

တူရကီဝန်ကြီးချုပ် တေယစ်အာဒိုဂျင်သည် အစ္စရေးနိုင်ငံ၏ ပါလက်စတိုင်းမူဝါဒကို မကြာခဏရှုတ်ချခဲ့သူဖြစ်ပြီး ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စု တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အစ္စရေးနိုင်ငံအနေဖြင့် တောင်းပန်ရန်နှင့် လျော်ကြေးပေးရန်တို့ကို မလျှော့တမ်းတောင်းဆိုခဲ့သူဖြစ်သည်။

**အမ်အင်အေ၊ ရိုက်တာ။**

# ပါလက်စတိုင်းနှင့် ငြိမ်းချမ်းရေးသဘောတူညီချက် ဖြစ်လာဖွယ်မရှိဟု အစ္စရေးပြောကြား

**ဂျေရုဆလင် ဒီဇင်ဘာ ၂၆**

လက်ရှိအခြေအနေအရ အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေးသဘောတူညီချက်သည် ဖြစ်လာနိုင်ဖွယ်မရှိကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အဗစ်ဒေါလီဘာမင်က အစ္စရေးသံတမန်အမှုထမ်းများအား ယနေ့ပြောကြားသည်။

အစ္စရေးနိုင်ငံအနေဖြင့် ပါလက်စတိုင်းနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရန် တစိုက်မတ်မတ် အားထုတ်မည့်အစား ကာလရှည်တည်တံ့နိုင်မည့် လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ ကြားဖြတ်သဘောတူညီချက်ကို ရယူရန်ကြိုးစားသင့်ကြောင်း၊ သို့ရာတွင် ပါလက်စတိုင်းတို့က ယင်းသို့သော ပြဿနာဖြေရှင်းမှုမျိုးကို ငြင်းပယ်ခဲ့ကြောင်း ၎င်းက ဆိုသည်။

အနောက်ဘက်ကမ်းဒေသကို အုပ်ချုပ်နေသော ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခဲ့ခြင်းကြောင့် တရားဝင် အုပ်ချုပ်ရေးအဖွဲ့မဟုတ်ကြောင်း လီဘာမင်က ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် စက်တင်ဘာလအတွင်း ပျက်ပြားခဲ့ရပြီး ယင်းဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် အမေရိကန်နိုင်ငံက စေ့စပ်ညှိနှိုင်းပေးခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိပေ။

အစ္စရေးနိုင်ငံခြားရေးဝန်ကြီး လီဘာမင်သည် ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် မကြာခဏ သဘောထားကွဲလွဲလေ့ရှိသူဖြစ်ပြီး တစ်ယူသန်အမြင်ရှိသူအဖြစ် လူသိများသည်။

၎င်း၏ ပြောကြားချက်နှင့် ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ်ရုံးက မှတ်ချက်တစ်စုံတစ်ရာမပေးခဲ့ပေ။ **အင်တာနက်။**



မေလ ၃၁ ရက်နေ့တွင် အစ္စရေးရေတပ်က စီးနင်းတိုက်ခိုက်ခဲ့သော တူရကီနိုင်ငံ၏ ဂါဇာထောက်ပံ့ရေးသင်္ဘော မာဗီမာမာရာကို အစ္စတန်ဘူလ်မြို့သို့ ဒီဇင်ဘာ ၂၆ ရက်က ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရစဉ်။

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ အင်္ဂလိပ်စာ မွမ်းမံသင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ အင်္ဂလိပ်စာ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမကြီး၌ ကျင်းပသည်။

**အောင်လက်မှတ်ချီးမြှင့်**

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ဌာနဆိုင်ရာအကြီးအကဲများက သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဌာနဆိုင်ရာအကြီးအကဲများက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ အင်္ဂလိပ်စာမွမ်းမံသင်တန်းဆင်းပွဲတွင် အောင်လက်မှတ်များချီးမြှင့်စဉ်။**(သတင်းစဉ်)






**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ အင်္ဂလိပ်စာမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# စိမ်းလန်းစိုပြည် ပန်းဥယျာဉ်တွင် ကလေးပန်းချီပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည် ပန်းဥယျာဉ်တွင် ၂၀၁၁ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကလေးပန်းချီပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပရန် စီစဉ်လျက်ရှိကြောင်း၊ ကလေးပန်းချီပြိုင်ပွဲကို မူကြိုအဆင့်၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ သုံးမျိုးခွဲခြားထားပြီး ချီးမြှင့်မှုမှာ အထူးဆု၊ ပထမဆု၊ ဒုတိယဆုဟူ၍ သတ်မှတ်ထားကြောင်း၊ ပြိုင်ပွဲဝင်မည့်ကလေးများသည် ပြိုင်ပွဲဝင်ကြေးကို တစ်ဦးလျှင် ငွေကျပ်တစ်ထောင်နှုန်း သတ်မှတ်ထားကြောင်း၊ ပြိုင်ပွဲကို ကလေး ၁၅ ဦးလျှင်တစ်ကြိမ် ဆက်တိုက်ကျင်းပ၍ ဆုများကို တစ်ပါတည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပန်းချီပြိုင်ပွဲ၏ ခေါင်းစဉ်မှာ "သဘာဝကို ချစ်မြတ်နိုးပါ" ဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။

စိမ်းလန်းစိုပြည်ပန်းဥယျာဉ်သည် ပြီးခဲ့သောနှစ် လွတ်လပ်ရေးနေ့ကလည်း "စိမ်းလန်းသော တို့ကမ္ဘာ" ခေါင်းစဉ်ဖြင့် ကလေးပန်းချီပြိုင်ပွဲကို ကျင်းပခဲ့ရာ ပန်းချီပညာရှင်များက အကဲဖြတ်ဒိုင်အဖြစ် ကြီးကြပ်ပေးခဲ့ကြသည်။

ယခုနှစ် ကလေးပန်းချီပြိုင်ပွဲတွင်လည်း ယခင်နှစ်အကဲဖြတ်အဖွဲ့များကပင် ကြီးကြပ်ပေးမည်ဖြစ်ပြီး ပန်းချီပစ္စည်းများ ရောင်းချသည့်ကုမ္ပဏီအချို့ကလည်း လာရောက်၍ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတက္ကသိုလ်များအားကစားအဖွဲ့ (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အားကစားနှင့်ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း ဦးစီး၍ ဒဂုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်ဦးဆန်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့သည် ထိုင်းနိုင်ငံ ဇင်းမယ်မြို့၌ ဒီဇင်ဘာ ၁၃ ရက်မှ ၂၃ ရက်အထိ ကျင်းပသော (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဒီဇင်ဘာ ၂၃ ရက် ည ၁၀ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ မိဘဆွေမျိုးများက ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့သည် နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပခဲ့သော အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ အားကစားအမျိုးအစား (၁၇)မျိုးအနက်မှ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ဂေါက်သီး၊ ရေကူး၊ ပြေးခုန်ပစ်ပြိုင်ပွဲရှစ်မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဘောလုံးပြိုင်ပွဲတွင် တတိယ၊ တင်းနစ်ပြိုင်ပွဲတွင် တတိယ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တတိယဆုများ ရရှိခဲ့သည်။

မြန်မာနိုင်ငံတက္ကသိုလ်များ အဖွဲ့တွင် စုစုပေါင်း အင်အား ၆၆ ဦး ပါဝင်ကြပြီး အဖွဲ့ဝင်အားလုံး ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၇-၁၂-၂၀၁၀(တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဉပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | "သက်ရှည်ကျန်းမာလေ့ကျင့်ပါ" |
| ၈း၀၅ | ၇။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈း၂၀ | ၈။ | အတီးပြိုင်ပွဲ |
| ၈း၃၀ | ၉။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | အကပဒေသာ |
| ၄း၂၀ | ၃။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၄း၃၀ | ၄။ | "စက်မှုဇုန်မှာကျွန်မစက်ရုံလာတည်တော့မယ်" |
| ၄း၄၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ) |
| ၄း၅၅ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၀ | ၇။ | တေးဂီတအစီအစဉ် |
| ၅း၁၅ | ၈။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၂၅ | ၉။ | မြန်မာတေးသံရှင် ရွေးချယ်ပွဲ |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၁၉)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **"ရန်ကုန်-မန္တလေး အလှမ်းမဝေး. . နေပြည်တော်. . မန္တလေး နီးနီးလေး"(အပိုင်း-၁)** |
| | ၁၈။ | **ကမ္ဘာကျော်သရုပ်ဆောင်များ (အပိုင်း-၆)** |
| | ၁၉။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၁၈)** |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

# ဆရာဦးဝင့်ကျော် LCCI ပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ကွယ်လွန်သူစာရေးဆရာ၊ ဘဏ်လုပ်ငန်းပညာရှင်နှင့် သင်တန်းဆရာ ဦးဝင့်ကျော်၏သားနှင့် သားတပည့်များက စီစဉ်သော LCCI ပညာသင်ဆုများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဤအစီအစဉ်ကို ဆရာဦးဝင့်ကျော်၏သား ဆရာဦးသန့်ဇော် (LCCI - KMD) နှင့် ဆရာဦးဝင့်ကျော်၏ သားတပည့် MHR သင်တန်းကျောင်းအုပ်ဆရာ ဦးအေးကျော်တို့က စီစဉ်ခြင်းဖြစ်ပြီး ရန်ကုန်မြို့ရှိ နာမည်ကြီး LCCI ဆရာ၊ ဆရာမများက စုပေါင်းဒါနပြုကြခြင်းဖြစ်ကြောင်း၊ LCCI Level I+II အတွက် သင်တန်းကြေးနှင့် စာမေးပွဲကြေးကို ပညာသင်ဆု အပြည့်အဝ ပေးအပ် မည်ဖြစ်ကြောင်း၊ Level III အတွက် သင်တန်းကြေးပညာသင်ဆု ပေးအပ်ကာ စာမေးပွဲကြေးကို လစဉ်စာမေးပွဲများတွင် ထူးချွန်သူများသာ ပညာသင်ဆုရရှိမည်ဟု စီစဉ်ထားကြောင်း၊ အလှူရှင်ထပ်မံပေါ်ပေါက်ပါက Level III စာမေးပွဲကြေးကို ပညာသင်ဆုရရှိသူ အားလုံးအတွက် ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိဘနှစ်ပါးစလုံးကွယ်လွန်သူများ၊ မိဘတစ်ပါးကွယ်လွန်သူများ၊ မိဘနှစ်ပါးစလုံး မှီခို(သို့မဟုတ်) ပင်စင်စားများ (သို့မဟုတ်) လစာနည်းဝန်ထမ်းများ၏ သားသမီးများနှင့် ကိုယ်ထူးကိုယ်ချွန်ကြိုးစားနေရသော လစာနည်းအငယ်တန်းဝန်ထမ်းများအား ဦးစားပေးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

British Council နှင့် မြန်မာနိုင်ငံဆိုင်ရာ LCCI တာဝန်ခံတို့ကိုလည်း စားမေးပွဲကြေး ကင်းလွတ်ခွင့် ဆုရရှိရန် ဆက်သွယ်ထားကြောင်း ဆရာဦးအေးကျော် (MHR) ကပြောကြားသည်။

ပညာသင်ဆုပေးကြသော အလှူရှင်ဆရာ၊ ဆရာမများမှာ ဆရာဦးအောင်ဝင်း၊ ဆရာဦးအောင်နိုင်၊ ဆရာဦးနေလင်းအောင်၊ ဆရာဦးသူရရှိန်၊ KMD သင်တန်းကျောင်း၊ ဆရာဦးထွန်းလင်းဦး၊ ဆရာဦးသန်းအောင်၊ ဆရာဦးသက်တင်ဝင်း၊ ဆရာမ ဒေါ်မော်မော်၊ ဆရာမ ဒေါ်ယုယုမြင့်၊ ဆရာမ ဒေါ်သီတာဦး၊ ဆရာ ဦးအေးကျော်(MHR) နှင့် ဆရာမ ဒေါက်တာဒေါ်အေးအေးမာ (MHR Center II) တို့ဖြစ်ကြပြီး Level I+II ၂၆ ဆုနှင့် Level III ၁၈ ဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ ဒီဇင်ဘာနောက်ဆုံးအပတ်တွင် MHR သင်တန်းကျောင်း အခန်း(၉၀၅) (၉)လွှာ သံစျေးကွန်ဒိုလမ်းမတော်လမ်း၌ လျှောက်လွှာပုံစံများကို ကိုယ်တိုင် ဖြည့်စွက်လျှောက်ထားနိုင်ကြောင်းနှင့် မှတ်ပုံတင်မိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ သန်းခေါင်စာရင်းမိတ္တူ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းမိတ္တူတို့ တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)အမှတ်(၅၀) ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၅၀) ၌ ငွေငါးသိန်းရှိရုံဖြင့် တိုက်ခန်းပိုင်ဆိုင်နိုင်ပြီ၊ မြန်မာ-အိန္ဒိယဘဏ် ငွေလွှဲစနစ်ဖြင့် ကုန်သွယ်ရန် စီစဉ်နေ၊ သွားလာရခက်ခဲသောဒေသများသို့ လေကြောင်းခရီးစဉ်သစ်များ ပြေးဆွဲမည်၊ကျိုင်းတုံ-ဝမ်ကောင်းရထားလမ်း ၂၀၁၁ နှစ်ဆန်းပိုင်းတွင် ဖွင့်မည်၊ဧည့်သည် ယူနန်ပြည်နယ် သတင်းမီဒီယာအဖွဲ့ မြန်မာသတင်းမီဒီယာအဖွဲ့နှင့် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေး၊ ကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံခန့် ကုန်ကျမည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို အိန္ဒိယ MHPC ကုမ္ပဏီက မြန်မာနိုင်ငံတွင် တည်ဆောက်မည်၊ စစ်တွေဆိပ်ကမ်းတည်ဆောက်မှုလုပ်ငန်းများ စပြီ၊ ရက္ခပူရ ဘောလုံးအသင်းကို သိန်းပေါင်း ၁၈၀၀၀ ဖြင့် မတည်၊ ငါးသိန်းတန်ဖုန်းများ၏ ကြိုတင်ငွေဖြည့်ကတ်ကို တစ်ပြေးညီတည်း သတ်မှတ်တော့မည်၊ နိုင်ငံတကာအဆင့်မီ ကျောက်စိမ်းဥယျာဉ်ကြီး မကြာမီဖွင့်မည်၊ Political Talk နှင့် Public Talk ကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ပြင်သစ်သမ္မတ နီကိုလတ်စ်ဆာကိုဇီနှင့် ဟိန္ဒူသတင်းစာ The Vaiju Naravane တို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ မက္ကဆီကိုတွင် ရေနံပိုက်လိုင်း မီးလောင်ပေါက်ကွဲသေဆုံးသူ ၂၇ ဦးအထိရှိ၊ ဝီကီလိခ်၏ လျှို့ဝှက်ဖွင့်ချမှုထဲတွင် မပါသောသူ့လျှို့ဝှက်ချက်တစ်ခုကို ဘန်ကီမွန်းက ထုတ်ဖော်ပြောပြ၊ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ၂၀၁၄ တွင် အာဖဂန်မှ ဗြိတိန်စစ်တပ် ရုပ်သိမ်းမည်ဟုဆို၊ အိန္ဒိယသည် အလုပ်အကိုင်သစ်ရှာဖွေရန်အတွက် အကောင်းဆုံးနေရာဖြစ်၊ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အရေးကိစ္စနှင့် တရုတ်နိုင်ငံ၏ သဘောထားအမြင်၊ မီးတောင်ပေါက်ကွဲမှုဆိုင်ရာ အလိုအလျောက်သတိပေးနိုးဆော်မှု လေယာဉ်မှူးများထံ အီးမေးလ်ဖြင့်ပေးပို့ စသည့် နိုင်ငံတကာသတင်းများ မြန်မာပြည် တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

# သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စုအတွင်းရှိ စိုက်ခင်းများသို့ တောဆင်ရိုင်းလေးကောင်ဝင်ရောက်ပြီး သီးနှံများကိုစားသောက်ခဲ့

**သာစည် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု ကျောက်ပြားတောင်ရွာ အရှေ့ဘက်တစ်မိုင်အကွာရှိ ဦးမောင်ကလေးနှင့် ဦးကြင်စိုးတို့၏ လယ်တဲများသို့ ဒီဇင်ဘာ ၁၇ ရက် ည ၁၀ နာရီ ခန့်က ကျောက်ပြားတောင်ရွာ၏ အရှေ့မြောက်ဘက်ရှိတောင်တန်းများမှ တစ်ဆင့် တောဆင်ရိုင်းလေးကောင် ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်ရိုင်းလေးကောင်သည် ကျောက်ပြားတောင်ရွာသို့ ရောက်ရှိလာသောအခါ ရွာသူရွာသားများမှာ ရွာ၏ အရှေ့ဘက်ရှိ ဘုန်းတော်ကြီးကျောင်းသို့ တိမ်းရှောင်ထွက်ပြေး ခိုလှုံကြရသည်ဟု ဆိုသည်။ ထိုတောဆင်ရိုင်းလေးကောင်က ဦးမောင်ကလေးနှင့် ဦးကြင်စိုးတို့၏ သုံးပင်၊ နှစ်ပင် သက်ငယ်မိုး၊ ထရံကာ မြေစိုက် တဲနှစ်လုံးကို ဖျက်ဆီးသွားခဲ့ကြသည်။ တောဆင်ရိုင်းလေးကောင်သည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၆ နာရီတွင် ရွာ၏အရှေ့မြောက်ဘက် တောင်တန်းများဆီသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း ဒေသခံများက ပြောဆိုကြသည်။

ထို့နောက် ဒီဇင်ဘာ ၂၂ ရက် ညနေ ၃နာရီတွင် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု စိုက်ခြံကျေးရွာသို့ တောဆင်ရိုင်းသုံးကောင် ထပ်မံရောက်ရှိလာခဲ့သည်။ တောဆင်ရိုင်းသုံးကောင်သည် စိုက်ခြံရွာမှ ဦးသောင်းရွှေ၏ ရေကန်အတွင်းသို့ ရေဆင်းသောက်ပြီး စိုက်ခြံကျေးရွာမှ ဦးကြည်အေး(၄၅)နှစ်၏ စိုက်ခင်းအတွင်းရှိ နှံစားပြောင်းနှစ်ဧက၊ ဦးနိုင်စိုး၏ စိုက်ခင်းအတွင်းရှိ နှံစားပြောင်းနှစ်ဧကနှင့် ဦးခင်မောင်စန်းခြံအတွင်းမှ နှံစားပြောင်းနှစ်ဧကတို့ကို စားသောက်ဖျက်ဆီးသွားခဲ့ကြသည်။ တောဆင်ရိုင်းသုံးကောင်သည် ညနေ ၅ နာရီခန့်တွင် စိုက်ခြံကျေးရွာ၏ အရှေ့ဘက်တစ်မိုင်အကွာရှိ ဦးခင်မောင်သန်း၏ နှံစားပြောင်းစိုက်ခင်းအား ဝင်ရောက်ဖျက်ဆီးစားသောက်သွားပြီး တောတောင်များထဲသို့ ပြန်လည်ဝင်ရောက်သွားကြောင်း သိရှိရသည်။ တောဆင်ရိုင်းများသည် စားကျက်နယ်မြေ ကျဉ်းမြောင်းလာသောကြောင့် ရံဖန်ရံခါ လူတို့နေထိုင်သော ကျေးရွာများအထိရောက်ရှိလာပြီး စိုက်ခင်းများကိုဝင်ရောက် စားသောက်လေ့ရှိကြောင်း ပြောဆိုကြသည်။ (၁၁၁)

# မဲခေါင်မြစ်မင်း စီးဆင်းတူညီ "ဟန္နွိုင်း" ဆီသို့

## ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

အေးမြတဲ့ ဒီဇင်ဘာရဲ့ ညနေခင်းအချိန်ဖြစ်ပါတယ်။ VN-700 လေယာဉ်ကြီးဟာ ကောင်းကင်ထက်သို့ အားယူပျံသန်းရင်း ရန်ကုန်မြို့မှ ဟန္နွိုင်းမြို့ဆီကို ဦးတည်နေခဲ့ပါပြီ။ လေယာဉ်ကြီးပေါ်မှ မြင်နေရတဲ့ မြန်မာနိုင်ငံရဲ့မြင်ကွင်းကတော့ မီးရောင်စုံများနှင့် ဝေဖြာလင်းလက်တောက်ပလို့နေပြီး တဖြည်းဖြည်းနဲ့ အလင်းစက်အလင်းပြောက်ကလေးတွေလို ဝေး၍ဝေး၍ကျန်ခဲ့ပါပြီ။

ဒီခရီးကတော့ ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့မှာ ကျင်းပမယ့် (၈)ကြိမ်မြောက် အင်ဒိုချိုင်းနားနိုင်ငံများရဲ့ ကလေးသူငယ် မျက်မမြင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်မယ့်ခရီးပဲ ဖြစ်ပါတယ်။ ကျွန်မတို့ အဖွဲ့မှာ တွဲဖက်ပါမောက္ခ ဒေါက်တာရဲလွင်၊ မျက်ခမ်းစပ်ပပျောက်ရေးနှင့် မျက်မမြင်ကာကွယ်ရေး စီမံချက်မန်နေဂျာ ဒေါက်တာခင်ငြိမ်းလင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာရီရီအောင်၊ ဒေါက်တာဆွေဦးလွင်နှင့် ကျွန်မတို့ လိုက်ပါလာခဲ့ကြပါတယ်။ ကျွန်မတို့အဖွဲ့ဟာ ၁၂-၁၂-၂၀၁၀ ရက်နေ့ ည ၇ နာရီမှာ ရန်ကုန်မြို့မှ ထွက်လာခဲ့ပြီး ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နွိုင်းကို ည ၉ နာရီမှာ ရောက်ရှိပါတယ်။ ဟန္နွိုင်းလေဆိပ်မှာ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်စိုး၊ ဇနီး ဒေါ်ကြည်ကြည်စန်းနဲ့ ဆွေးနွေးပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက လာရောက်ကြိုဆိုခဲ့ကြပါတယ်။ ကြိုဆိုနေတဲ့ကားတွေနဲ့ ကျွန်မတို့တည်းခိုရမယ့် "ဆန်တာ" ဟိုတယ်ကို သွားရောက်ခဲ့ကြပါတယ်။

၁၃-၁၂-၂၀၁၀ ရက်နေ့ နံနက်မှာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို အပြည်ပြည်ဆိုင်ရာ ခန်းမကြီးထဲမှာ ဗီယက်နမ်ရိုးရာ အဆိုအကတွေနဲ့ မြိုင်ဆိုင်ခမ်းနားစွာ ကျင်းပခဲ့ကြပါတယ်။ ဒီအလုပ်ရုံ ဆွေးနွေးပွဲဟာ WHO က ကြီးမှူးကျင်းပပြီး ဂျပန်နိုင်ငံ တိုကျိုမြို့မှာ အခြေစိုက်တဲ့ Juntendo တက္ကသိုလ်က စီစဉ်ဆောင်ရွက်ပေးတဲ့ ပွဲဖြစ်တာမို့ မျက်မမြင်ကာကွယ်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြဖို့ ရည်ရွယ်တာပဲ ဖြစ်ပါတယ်။

နံနက် ၁၁ နာရီခွဲမှစပြီး ဆွေးနွေးပွဲကို စတင်ခဲ့ပါတယ်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် ငါးနိုင်ငံရဲ့ လက်ရှိတိုးတက်နေတဲ့ ကလေးသူငယ်များနဲ့ပတ်သက်တဲ့ မျက်မမြင်ကာကွယ်ရေး စီမံကိန်းအကြောင်းကို နိုင်ငံအလိုက် စိတ်ဝင်စားဖွယ် တင်ပြဆွေးနွေးခဲ့ကြပါတယ်။ အဲဒီနောက် အုပ်စုနှစ်စုခွဲပြီး အုပ်စုလိုက်ဆွေးနွေးပွဲတွေကိုပါ ဆက်လက်ကျင်းပခဲ့ပါတယ်။ ဂျပန်၊ ကိုရီးယား၊ မလေးရှားနိုင်ငံများက တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေကလည်း သူတို့နိုင်ငံနဲ့ပတ်သက်တဲ့ အချက်အလက်တွေ၊ လက်ရှိတိုးတက် ဆောင်ရွက်နေတဲ့ အခြေအနေတွေကို စံပြမော်ဒယ်နိုင်ငံများအနေနဲ့ တင်ပြပေးခဲ့ပါတယ်။ နိုင်ငံရဲ့ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြှင့်တင်နိုင်ဖို့ နည်းလမ်းသစ်တွေနဲ့အတူ ရောဂါကာကွယ်ရေး လုပ်ငန်းအနေနဲ့ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရ၏တန်ဖိုး၊ ကိုယ်လက်လှုပ်ရှားမှု၊ လူတစ်ဦးချင်းစီ၏ နေ့စဉ်ဝင်ငွေ၊ ပတ်ဝန်းကျင်အခြေအနေ၊ လူမှုရေးဆိုင်ရာ ပြည့်စုံလုံခြုံမှုနဲ့ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှု စတဲ့ ကဏ္ဍအသီးသီးတွေကို လွှမ်းခြုံဆောင်ရွက်နိုင်စေဖို့ မီးမောင်းထိုးပြခဲ့ပါတယ်။

ယနေ့ ကမ္ဘာမှာ ကလေးသူငယ် မျက်စိကွယ်ရခြင်း အကြောင်းအရင်းတွေကို အလွန်အရေးကြီးတဲ့ ကဏ္ဍတစ်ရပ်အနေနဲ့ စဉ်းစားနေကြရပါပြီ။ မွေးရာပါ အတွင်းတိမ်ရောဂါ၊ ထိခိုက်ဒဏ်ရာ၊ မျက်မှန်ပါဝါလိုအပ်သူ၊ မျက်ကြည်လွှာရောဂါ၊ Vitamin A ချို့တဲ့မှု၊ မွေးရာပါမျက်စိရောဂါ၊ မြင်လွှာရောဂါ၊ မြင်လွှာကင်ဆာ၊ မွေးရာပါ ရေတိမ်ရောဂါတွေက နိုင်ငံတိုင်းမှာ ပုံစံအမျိုးမျိုးနဲ့ ခြိမ်းခြောက်လို့နေပါတယ်။ ကမ္ဘာ့လူဦးရေ အနက် ၃၁၄ သန်းမှာ အမြင်အာရုံချို့တဲ့နေကြပြီး ၁၅၃ သန်းဟာ မျက်မှန်ပါဝါ လိုအပ်သူများဖြစ်လို့ ကုသနိုင်တဲ့အုပ်စုလို့ ဆိုရမှာပါ။ ကျန်တဲ့ ၁၆၁ သန်းကတော့ အထက်ကဆိုခဲ့တဲ့ မျက်စိရောဂါတွေကြောင့်ဖြစ်ပြီး ကာကွယ်ကုသဖို့ ရနိုင်သလို မရနိုင်တဲ့ ရောဂါတွေကြောင့်လည်း အမြင်အာရုံချို့တဲ့နေကြတာလို့ ဆိုပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ လူဦးရေ အချိုးအစားကို ဂရပ်ဆွဲကြည့်တဲ့အခါ ဖွံ့ဖြိုးပြီး နိုင်ငံတွေက ခေါင်းလောင်းပုံသဏ္ဍာန်ရှိနေပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေက တြိဂံပုံရှိနေတာ တွေ့ရပါတယ်။

ဆိုလိုတာကတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ကလေးသူငယ်ဦးရေများသလို သက်လတ်ပိုင်းအရွယ်ဖြစ်တဲ့ ကာယအား၊ ဉာဏအားတွေ စိုက်ထုတ်နိုင်တဲ့အရွယ် အဲဒီအရွယ်နှစ်ပါးစလုံးမှာ ရောဂါဘယတွေ နည်းပါးကြတဲ့အတွက် အသက်ရှည် ကျန်းမာသူများလို့ သက်ကြီးရွယ်အိုဦးရေလည်းများတယ်လို့ ဆိုပါတယ်။ ဥပမာ-ဂျပန်နိုင်ငံမှာဆိုရင် ခေါင်းလောင်းပုံသဏ္ဍာန်ဂရပ်ကို တွေ့မြင်နိုင်ပြီး နိုင်ဂျီးရီးယားနိုင်ငံမှာဆိုရင် တြိဂံပုံဖြစ်နေတာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ ကျန်းမာရေး အဆင့်အတန်း မြှင့်တင်နိုင်ဖို့ဆိုရင် ကလေးသူငယ်များရဲ့ ကျန်းမာရေးအဆင့်အတန်းကို စနစ်တကျမြှင့်တင်ရမှာ ဖြစ်ပါတယ်။ ကလေးသူငယ်ဘဝကတည်းက ရောဂါဘယကင်းဝေးပြီး ဉာဏ်ရည်ထက်မြက် ကျန်းမာသန်စွမ်းကြမှသာ အရွယ်ရောက်တဲ့အခါ နိုင်ငံတော်ကို ပြည့်ပြည့်ဝဝ အလုပ်အကျွေးပြုနိုင်ကြမှာ ဖြစ်ပါတယ်။ ကလေးတွေကို အုပ်စုခွဲကြည့်တဲ့အခါ မွေးကင်းစအရွယ်၊ လသားအရွယ် ၃ နှစ်အောက်၊ (၃-၅)နှစ် မူကြိုအရွယ်၊ မူလတန်းအရွယ် ၅ နှစ်အထက်ဆိုပြီး အဆင့်ဆင့် မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေကို သင့်လျော်တဲ့နည်းလမ်းတွေနဲ့ အကောင်းဆုံးအထိရောက်ဆုံးဖြစ်နိုင်ဖို့ ဆွေးနွေးတင်ပြခဲ့ကြပါတယ်။

ကလေးမှ ကလေးအချင်းချင်း အသိပညာပေးကြရမယ်ဆိုတဲ့နေရာမှာ ဥပမာ-လေးတန်းကလေးမှ သုံးတန်း၊ နှစ်တန်းအရွယ် ကလေးထံသို့၊ ထိုမှ သူငယ်တန်းကလေးနဲ့ မူကြိုကလေးတွေဆီကို ကျန်းမာရေးနဲ့ ဆိုင်တဲ့ မှန်ကန်တဲ့ အပြုအမူ အသိအမြင်တွေကို အတုမြင်အတတ်သင်ဆိုသလို ဆင့်ကဲဆင့်ကဲ ဖြန့်ဝေသွားနိုင်ဖို့ပဲလိုတယ်လို့ ဆိုပါတယ်။ အရင်ကတော့ မိဘနဲ့ ဆရာကနေတစ်ဆင့် ကလေးဆီကို ကျန်းမာရေးအသိတွေ သင်ကြားပေးခဲ့ကြပေမယ့် လက်ရှိကျန်းမာရေးနဲ့ ပတ်သက်တဲ့ နည်းပညာအသစ်တွေကို ရေးဆွဲကောက်ချက်ချတဲ့အခါ ကလေးမှ ကလေး၊ ကလေးမှ မိသားစုအတွင်းသို့ လည်းကောင်း၊ ကလေးမှ မိဘနှင့် ဆရာများထံသို့ လည်းကောင်း ဆင့်ပွားဖြန့်ဝေရင်းနဲ့ လူထုအတွင်းထိ တိုးမြှင့်သွားဖို့ ရည်ရွယ်ပါတယ်။

ဒီလိုနည်းနဲ့ ရောဂါတွေကို တားဆီးကာကွယ်နိုင်ပြီး စာသင်ကျောင်းများမှသည် လူထုအသွင်ထိ တိုးတက်လာနိုင်မယ့် လမ်းများကို ရှာဖွေဖော်ထုတ်ခဲ့ကြပါတယ်။ လူထုအသွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုတာကတော့ အထက်ကဆိုခဲ့တဲ့အတိုင်း တစ်ဦးချင်းစီမှ သူတို့ရဲ့မိသားစု၊ သူငယ်ချင်းအပေါင်းအသင်း၊ ပတ်ဝန်းကျင်၊ အိမ်နီးနားချင်း စသည်ဖြင့် အဆင့်ဆင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဖြန့်ဝေဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့ လူထုအသွင်ဖြစ်နိုင်ဖို့ ဘယ်လိုတည်ဆောက်ကြရမလဲ။ ကိုယ်ဝန်ဆောင်စဉ် မိခင်ရဲ့ ဝမ်းဗိုက်ထဲမှစပြီး အရွယ်သုံးပါးအထိ စောင့်ရှောက်ပေးကြရမှာဖြစ်သလို ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းမျက်စိကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များကိုလည်း တိုးမြှင့်ဖွဲ့စည်းပြီး ကွင်းဆင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျောင်းမတက်ခင်အရွယ်မှာ အိမ်တွင်းမှာပဲ အမြင်အာရုံစမ်းသပ်ခြင်းကို အကြမ်းဖျင်းပြုလုပ်နိုင်အောင် မိဘတွေကို သင်ကြားပေးကြရမှာ ဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး ကျွန်မအနေနဲ့ ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စာသင်ကျောင်းတွေကို တစ်ကျောင်းဝင် တစ်ကျောင်းထွက် ကလေးတွေ တစ်ဦးချင်းစီရဲ့ မျက်စိကျန်းမာရေး၊ သွားကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပုံတွေကို ပြန်လည်မြင်ယောင်လာခဲ့ပါတယ်။ အဲဒီခရီးစဉ်တွေကနေပြီး မျက်မှန်ပါဝါလိုအပ်နေတဲ့ ကလေးငယ်တွေ၊ မျက်စိစွေစောင်းနေတဲ့ ကလေးငယ်တွေ၊ မွေးရာပါ မျက်စိရောဂါ၊ မျက်ကြည်လွှာရောဂါတွေနဲ့ အခြားမျက်စိရောဂါတွေကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြပြီး လိုအပ်တဲ့ကုသမှုတွေကို (သင်ကြားရေး) ဆေးရုံကြီးတွေဆီကို ခေါ်ယူပြီး ကုသမှုတွေ ပေးနိုင်ခဲ့ကြပါတယ်။ ဒါ့အပြင် ၂၀၀၀ ပြည့်နှစ်မှစ၍ ၂၀၁၀ ခုနှစ်အထိ မျက်စိအခမဲ့ ကွင်းဆင်းစောင့်ရှောက်မှုတွေကို မြန်မာနိုင်ငံ အနှံ့အပြား သွားရောက်ခဲ့စဉ်မှာလည်း အတွင်းတိမ်ရောဂါကို အဓိကထားပြီး ခွဲစိတ်ကုသပေးခဲ့သလို တစ်ဖက်ကလည်း စာသင်ကျောင်းများမှ ကလေးငယ်များကို ဦးစားပေး ကြည့်ရှုပေးခဲ့ကြပါတယ်။

သွားရောက်ခဲ့တဲ့ မြို့နယ်တိုင်းရဲ့ စာသင်ကျောင်းနံရံတွေမှာ မျက်စိကျန်းမာရေးစောင့်ရှောက်မှု ဆောင်ပုဒ်တွေကိုပါ တစ်ပါတည်းယူဆောင်သွားပြီး ကပ်ပေးထားခဲ့ကြပါတယ်။ ဥပမာ-ဆရာကြီး ပါမောက္ခ ဒေါက်တာဦးကံညွန့် ရေးထားတဲ့ ကဗျာလေးတွေဖြစ်တဲ့ "ကျောင်းတက်စအရွယ်မှာ မျက်စိကိုတစ်ဖက်ပိတ်လို့၊ တစ်ဖက်နှင့်စမ်းကြည့်ပါ၊ အမြင်အာရုံနှစ်ဖက်ရယ်က တူရမည်သာ၊ တစ်ဖက်မှာ မှုန်ဝါးနေက ချက်ချင်းပင် ဆရာမကို မျက်စိဌာန မြန်မြန်ပြဖို့ ပြောကြပါစို့"ဆိုတဲ့ ကဗျာလေးကတော့ မျက်မှန်ပါဝါ လိုအပ်တဲ့ ကလေးတွေကို သတိပြုနိုင်ဖို့ ရည်ရွယ်ပါတယ်။ "အဆင်လှရန်ထက်၊ အမြင်ရရန်က မျက်စိစွေ၊ မျက်စိစောင်းကို ကလေးငယ် ကျောင်းမပို့ခင် ကုကြပါမှ"ဆိုတဲ့ ကဗျာလေးကနေ မျက်စိစွေတဲ့ ကလေးငယ်တွေကို စောစောစီးစီးကုသမှုခံယူဖို့လိုကြောင်း သိစေခဲ့ပါတယ်။ အဲဒီလို မျက်စိအကြောင်း သိကောင်းစရာ ဆောင်ပုဒ်ကဗျာတွေနဲ့ လူထုအကြားမှာ ပျံ့နှံ့စေခဲ့သလို ကျွန်မတို့ နိုင်ငံအနေနဲ့ ကလေးသူငယ်မျက်စိကျန်းမာရေး စောင့်ရှောက်မှု၊ ကုသမှုလုပ်ငန်းတွေကို တစ်နိုင်တစ်ပိုင် လုပ်နေခဲ့တာကြာခဲ့ပြီဆိုတဲ့အကြောင်း တင်ပြချင်တာပါ။

တကယ်တော့ ဗီယက်နမ်နိုင်ငံဟာ "S" ပုံသဏ္ဍာန်ရှိပြီး မြောက်ဘက်မှာ တရုတ်နိုင်ငံ၊ အရှေ့ဘက်နှင့် တောင်ဘက်မှာ တောင်တရုတ်ပင်လယ်၊ အနောက်ဘက်မှာ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ရှိကြပါတယ်။ နိုင်ငံရဲ့ လေးပုံသုံးပုံဟာ တောင်တန်းများနဲ့ ပြည့်နှက်လို့နေပါတယ်။ မြို့တော်ဟန္နွိုင်းမြို့ဟာ မြစ်နီမြစ်ဝကျွန်းပေါ်မှာ ရှိပြီး ဗီယက်နမ်မြောက်ပိုင်းရဲ့ အလယ်မှာရှိပါတယ်။ (ဟာ=မြစ်၊ နွိုင်း=အတွင်းမှာ)လို့ အဓိပ္ပာယ်ရပြီး ကမ္ဘာလှည့်ခရီးသည်တွေအတွက် စိတ်ဝင်စားဖွယ်တွေနဲ့ ပြည့်နှက်လို့နေပါတယ်။

၁၅-၁၂-၂၀၁၀ ရက်နေ့ နံနက် ၇ နာရီခွဲမှာတော့ ဟန္နွိုင်းမြို့အနီး ပတ်ဝန်းကျင်က မြို့တွေကို ကွင်းဆင်းလေ့လာခဲ့ကြပါတယ်။ ဟန္နွိုင်းမြို့ကအထွက်မှာ Vimh Try တံတားကြီးကို ဖြတ်ကျော်လာခဲ့ရပါတယ်။ ဆိုဗီယက်အင်ဂျင်နီယာတစ်ဦး တည်ဆောက်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တဲ့ နှစ်ကီလိုမီတာရှည်လျားတဲ့ ကွန်ကရစ်တံတားကြီးဖြစ်ပြီး အကွေ့အဝိုက် အဝန်းအဝိုင်းများနဲ့ လမ်းအသွယ်သွယ်ကို ယှက်ဖြာသွယ်တန်းထားတဲ့ တံတားကြီးက တစ်မျှော်တစ်ခေါ် မျက်စိတစ်ဆုံး ထူးခြားဆန်းကြယ်လို့နေပါတယ်။ တံတားအောက်မှာတော့ မြစ်နီမြစ်က ရစ်ခွေစီးဆင်းနေပါတယ်။ တံတားပေါ်က ဖြတ်သန်းရင်းနဲ့ အမိမြေက သံလွင်တံတား (မော်လမြိုင်)နဲ့ မင်းကျောင်းချောင်းတံတားကြီးတွေကို မျက်စိထဲ မြင်ယောင်လာမိပါတယ်။

မြစ်နီဟာ မဲခေါင်မြစ်ရဲ့ မြစ်ခွဲတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံမှ စတင်စီးဆင်းလာတဲ့ မဲခေါင်မြစ်ဟာ လာအို၊ မြန်မာ၊ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားနိုင်ငံတွေကို ဖြတ်သန်းစီးဆင်းလာခဲ့ပြီး ဗီယက်နမ်ရဲ့ တောင်ဘက်မှာ မြစ်လက်တက်ငယ်များနဲ့ အဆုံးသတ်သွားခဲ့ပါတယ်။ ဟန္နွိုင်းကနေ သုံးနာရီကြာ မောင်းနှင်လာခဲ့တဲ့အခါ ဟိုင်ဖုံးမြို့ကို ရောက်ရှိခဲ့ပါတယ်။ ဟိုင်ဖုံးမြို့ဟာ ဟန္နွိုင်းကနေ မိုင် ၈၀ ခန့် အကွာမှာရှိပြီး ဗီယက်နမ်နိုင်ငံရဲ့ တတိယအကြီးဆုံး ဆိပ်ကမ်းမြို့ စက်မှုလုပ်ငန်းမြို့တစ်မြို့ ဖြစ်တယ်လို့ ဆိုပါတယ်။ ဟိုင်ဖုံးမျက်စိဆေးရုံမှ ဝန်ထမ်းများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး မြို့ရဲ့နောက်ခံသမိုင်းကြောင်းနှင့် မျက်စိဆေးရုံကြီးရဲ့ လက်ရှိအခြေအနေတွေကို တာဝန်ရှိသူတွေက ရှင်းပြကြပါတယ်။ အဲဒီနောက် ဆေးရုံအတွင်းကို လိုက်လံကြည့်ရှုနေရင်းနဲ့ ဝါးခမောက်ကလေးတွေ ကိုယ်စီဆောင်းထားတဲ့ ဗီယက်နမ်ပြည်သူတွေကို တွေ့မြင်ရတဲ့အခါ သူတို့ရဲ့ ခါးသီးဖွယ် အတိတ်ကာလတွေနဲ့ အိပ်မက်ဆန်တဲ့ ဘဝတွေအကြောင်းက ကျွန်မဦးနှောက်ထဲ လျှပ်တစ်ပြက်ဆိုသလို ဝင်ရောက်လာကြပါတယ်။

ဗီယက်နမ်ပြည်သူတွေအတွက် ထာဝရမမေ့နိုင်တဲ့ အတိတ်ရဲ့ ရင်နင့်ဖွယ်သမိုင်းတွေ၊ ရှည်လျားလှတဲ့ တော်လှန်ရေးကြီးတွေ၊ ၁၉၄၆ ပြင်သစ်တော်လှန်ရေး၊ ၁၉၅၄ ဒိန်ဘင်ဖူးတိုက်ပွဲ စတဲ့ တံတိုင်းကြီးနှစ်ခုရဲ့ အရိပ်မည်းတွေက သမိုင်းမှာထင်ဟပ် ကျန်ရှိနေဦးမှာပါပဲ။ ဒါပေမယ့် ယနေ့ ဗီယက်နမ်နိုင်ငံရဲ့ တိုးတက်မှုမြင်ကွင်းတွေကတော့ အတိတ်ရဲ့ အရိပ်တွေနဲ့ မတူထူးခြား ခြားနားနေခဲ့ပါပြီ။

ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒါရိုက်တာ ပါမောက္ခ DR. DO NHU HON က "ကျွန်တော်တို့ဟာ အတိတ်သမိုင်းကို ပြန်ပြောင်းတွေးမနေပါဘူး၊ လက်တွေ့ကျကျလုပ်ကြဖို့ပဲ လိုတာပါ။ လက်ရှိအခြေအနေမှာ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူ၊ ကိုယ့်သမိုင်းကို လှပတည်တံ့တိုးတက်စေဖို့ လာသမျှလူတိုင်းကို ချစ်ခင်ရင်းနှီးစွာ ကြိုဆိုနေမှာပါ။ ကူညီနေမှာပါ။ ဗီယက်နမ်ပြည်သူအားလုံးဟာလည်း ကျွန်တော်နှင့် ထပ်တူပါပဲ" လို့ပြောခဲ့တဲ့ စကားတစ်ခွန်းဟာ လေးစားချီးကျူးစရာပါ။ လဲကျရာမှ ရုန်းကန်ကြိုးစားကာ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့တဲ့ သူတို့၏ဇွဲနှင့် ခံနိုင်ရည်ဟာဖြင့် အံ့မခန်းလို့ပဲ ပြောရမှာပါ။

ဟိုင်ဖုံးမြို့က အပြန်မှာတော့ Vimh Bao ခရိုင်မြို့ကလေးဆီသို့ ဆက်လက်ခရီးဆက်ကြပါတယ်။ အဲဒီမြို့ကလေးမှာ (Water Puppet) လို့ခေါ်တဲ့ ရေပေါ်မှာပြသတဲ့ ရုပ်သေးပွဲကို ကြည့်ရှုရပါတယ်။ ကန့်လန့်ကာနောက်ကွယ်က အရုပ်ကလေးတွေ တစ်ခုပြီးတစ်ခု ပေါ်လာပြီး ရေထဲမှာငုပ်ချည်ပေါ်ချည်နဲ့ ဇာတ်လမ်းဆင်ပြသတဲ့ ကကွက်မျိုးစုံကို ဘေးကနေ အတီးအမှုတ်အဆိုများနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် အသံတွေပေးရင်း ကပြနေကြတာကို ကြည့်ရှုပြီး ကိုယ့်နိုင်ငံကို လွမ်းမိသလိုလိုပါပဲ။ တကယ်တော့ ဘယ်နိုင်ငံကိုသွားသွား ဘာတွေပဲမြင်ရမြင်ရ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ အလှကိုတော့ ဘယ်လိုမှ မီနိုင်မယ်မထင်ပါဘူးလို့ ရင်ထဲမှာ တီးတိုးပြောနေမိတယ်။

ဒီလိုနဲ့ပဲ ၁၇-၁၂-၂၀၁၀ ရက်နေ့ ညနေပိုင်းမှာ အလုပ်ရုံဆွေးနွေးပွဲကြီး အောင်အောင်မြင်မြင် ပြီးစီးခဲ့ရပြီ။ နိုင်ငံအလိုက် ဆွေးနွေးတင်ပြကြတဲ့အခါ ဒေါက်တာခင်ငြိမ်းလင်းက မြန်မာနိုင်ငံရဲ့ မျက်မမြင်ကာကွယ်ရေးနဲ့ မျက်စိကျန်းမာရေး စောင့်ရှောက်မှု စီမံကိန်းအကြောင်း၊ ဒေါက်တာရဲလွင်က ငါးနိုင်ငံကိုယ်စား အုပ်စုလိုက်ဆွေးနွေးပွဲ ကောက်နုတ်ချက်တွေအကြောင်း၊ ဒေါက်တာရီရီအောင်က မြန်မာနိုင်ငံရဲ့ ကလေးသူငယ်များ မျက်စိကျန်းမာရေးစောင့်ရှောက်မှု လက်ရှိအခြေအနေများနဲ့ ဒေါက်တာဆွေဦးလွင်က ယနေ့ ဆွေးနွေးပွဲရဲ့ ရလဒ်နဲ့ မြန်မာနိုင်ငံရဲ့ ထင်မြင်ချက်သဘောထားတွေအကြောင်းကို တင်ပြခဲ့ကြပါတယ်။ တင်ပြမှုတစ်ခုပြီးတိုင်း လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ အားပေးမှုတွေကို ကြည်နူးပီတိတွေနဲ့ ခံယူခဲ့ရပါပြီ။ အုပ်စုလိုက်ဆွေးနွေးပွဲတွေမှာ အားတက်သရောပါဝင်ဆွေးနွေးနိုင်ခဲ့ကြသလို အမြဲရှေ့ဆုံးကနေရာယူပြီး တက်တက်ကြွကြွရှိနေကြတဲ့ ကျွန်မတို့မြန်မာအဖွဲ့ကို နိုင်ငံတကာက လေးစား အားကျတဲ့ အကြည့်တွေနဲ့ လက်ဆွဲနှုတ်ဆက်တာကိုလည်း ခံယူခဲ့ရပါပြီ။ ဒီဆွေးနွေးပွဲကြီးရဲ့ အဓိကခေါင်းဆောင် သဘာပတိကြီးဖြစ်တဲ့ Dr. Konyama ရဲ့ မြန်မာနိုင်ငံအပေါ်အမြင်ကို ပြောကြားခဲ့စဉ်မှာတော့ ကြက်သီးမြမြထလို့ မျက်ရည်ဝဲကာ ဂုဏ်ယူမိခဲ့ရပါတယ်။ "မြန်မာအဖွဲ့ကတော်တယ်၊ ကြိုးစားတယ်၊ တက်ညီလက်ညီရှိတယ်၊ ကျေနပ်တယ်" ဆိုတဲ့ စကားတစ်ခွန်းဟာဖြင့် နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစေနိုင်ခဲ့ပါပြီ။ ကျွန်မတို့အားလုံး ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာနဲ့ စည်းလုံးညီညွတ်စွာ ပူးပေါင်းရွက်ဆောင်နိုင်ခဲ့တာကြောင့်ပဲ ပွဲလယ်တင့်ခဲ့ရပါပြီ။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# မန္တလေးတိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာလုပ်ငန်းများ ဝန်ကြီး ဦးမောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ရတနာပုံမြို့သစ်၌ မီးသတ်စခန်းနှင့် (၆)ခန်းတွဲ ဝန်ထမ်းနေအိမ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



နေပြည်တော် ဒီဇင်ဘာ ၂၆

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ဒီဇင်ဘာ ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုမီးသတ်သင်တန်းကျောင်းဝင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်း ဖြစ်ပေါ်လာပုံနှင့် သင်တန်းဖွင့်လှစ်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။**

ထို့နောက် ဝန်ကြီးသည် သင်တန်းကျောင်းအဆောက်အအုံအခြေအနေနှင့် သင်ထောက်ကူပစ္စည်းများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရတနာပုံမြို့သစ်ရှိ မီးသတ်စခန်းနှင့် ခြောက်ခန်းတွဲ ဝန်ထမ်းနေအိမ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ယာဉ်ဝင်/ထွက် လမ်းနှင့် ရေရရှိရေးနှင့် လျှပ်စစ်မီးသွယ်တန်းနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းသား နေရာချထားမှု၊ လေ့ကျင့်သင်ကြားပေးနိုင်မှုနှင့် သင်တန်းကျောင်း အဆောက်အအုံအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ၊ မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေးအတွက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ( Continuing Professional Development Forum) ကို ဒီဇင်ဘာ၂၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီခွဲအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေး စောင့်ရှောက်မှု စာတမ်းများဖတ်ကြား ဆွေးနွေးခြင်းနှင့် အထူးကုသမားတော်ကြီးတစ်ဦးအား တွေ့ဆုံခြင်းအစီအစဉ် (“Q&A on Common OB/ GY Problems in General/Family Practice”) တို့ ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆရာမဒေါ်တင်နွယ်ဦး(မှန်ချို)၏ မီးဖိုဆောင်သုံး အစွမ်းထက်ဆေးပစ္စည်းများ စာအုပ်ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၆

တိုင်းရင်းဆေး သမားတော်ကြီး ဆရာမဒေါ်တင်နွယ်ဦး (မှန်ချို) ၏ မီးဖိုဆောင်သုံး အစွမ်းထက် ဆေးပစ္စည်းများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ယာပုံ)**



ယင်းစာအုပ်တွင် မီးဖိုဆောင်မှ အစွမ်းထက်ဆေးပစ္စည်းများဖြစ်သော ဆား၊ ကြက်သွန်နီ၊ ငရုတ်ကောင်း၊ ဆီးသီး၊ စပါးလင်၊ ငရုံ့ပတူပင်၊ နံနံပင်၊ ဆနွင်း(ဝါ)နနွင်း၊ သဘော်ပင်၊ သရက်ပင်၊ တမာ၊ သစ်ကြံပိုး၊ ဆူးဝါး၊ ကြက်တက်နွယ်ပင်၊ ရဲယို၊ ငရုတ်သီး၊ လယ်ပတူ၊ ပျဉ်းတော်သိမ်၊ မရန်းပင်၊ ဆီးဖြူ၊ မန်ကျည်းသီး၊ ပင်စိမ်းတို့၏ အကြောင်းများ၊ မီးဖိုဆောင်မှ ဆေးစွမ်းကောင်း ကြက်သွန်ဖြူ၊ ချင်း(ဂျင်း) ထန်းကွမ်းအစွမ်းအံ့မခန်း၊ ဥတုအလိုက် ကျန်းမာအောင် နေထိုင်ကြပါစို့၊ အမျိုးသမီးရောဂါများနှင့် တိုင်းရင်းဆေးပညာ၊ နန်းတွင်း သမားတော်များ ဆေးဝါးဖော်စပ်ရာတွင် ဆောင်ရွက်ကြသော နည်းလမ်းများ စသည့် အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းရေးသားတင်ပြထားသဖြင့် အိမ်တိုင်း ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို ရန်အောင်စာပေ ဖုန်း-၇၂၂၅၇၂နှင့် ၀၉-၅၁၇၉၃၉၈ မှ ဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၁၈၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# Hospitality Operation & Service Course အတန်းသစ် ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၆

နိုင်ငံတကာရှိ Hotel များ၊ Restaurant များနှင့် အပျော်စီး သင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက်ရည်ရွယ်၍ Hospitality Operation & Service Courseသင်တန်း အပတ်စဉ်အသစ်ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများအကြောင်း Hotel Operations ၊ ဧည့်ဝတ်ကျေပွန်မှု အတတ်ပညာ Customer Services ၊ အစားအသောက်တည်ခင်းဝန်ဆောင်မှုအတတ်ပညာ F&B Service ၊ ဟိုတယ်တွင်း သပ်ရပ်လှပအောင် ထိန်းသိမ်းခြင်း အတတ်ပညာ Housekeeping Operation စသည်တို့ကို National Vocational Qualification (UK)နှင့် Institute of AH & LA (USA) မှ Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်နေစဉ်အတွင်း လုပ်ငန်းအတွေ့အကြုံများ ရရှိစေရန် Local ဟိုတယ်ကြီးများသို့ On JobTraining(OJT)အနေဖြင့် တာဝန်ထမ်းဆောင်နိုင်သော အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။ လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန် လိုအပ်သော Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Pre interview များကိုဆောင်ရွက်ပေး သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ၂၀၁၀ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



**မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲ၊ယာရှိ ရေနုတ်မြောင်းဆယ်ယူနေမှုကို ဒီဇင်ဘာ ၂၃ ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးဘရန်ဆိုင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

❐ စာမျက်နှာ ၆ မှ

တကယ်တော့ ဒီအောင်မြင်မှုဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အောင်မြင်မှု၊ နိုင်ငံတော်ရဲ့အောင်မြင်မှုလို့ပဲဆိုရမှာပါ။ ဟန္ဓိုင်းကအပြန်မှာတော့ ဒီဆွေးနွေးပွဲက ရရှိခဲ့တဲ့ အကျိုးကျေးဇူးတွေကို စဉ်းစားမိပြီး ကျွန်မရင်မှာ အတွေးတွေနဲ့ရစ်ပတ်နှောင်ဖွဲ့လို့နေပါတယ်။ ဒီဆွေးနွေးပွဲဟာ နှစ်နှစ်တစ်ကြိမ်ကျင်းပပြီး အင်ဒိုချိုင်းနားနိုင်ငံတွေက အိမ်ရှင်နိုင်ငံတွေအဖြစ်နဲ့ လက်ခံကျင်းပခဲ့တာ (၈)ကြိမ်မြောက်ရှိခဲ့ပါပြီ။ ကျွန်မဟာ ၂၀၀၆ ခုနှစ်မှာ ထိုင်းနိုင်ငံ ကိုရတ် (Korat)မြို့မှာ ကျင်းပခဲ့တဲ့ (၆)ကြိမ်မြောက်ဆွေးနွေးပွဲကို မိမိအစီအစဉ်နဲ့ တက်ရောက်ခဲ့ဖူးပါတယ်။ အဲဒီလေးနှစ်တာကာလ အတွင်းမှာ အံ့မခန်း တိုးတက်ပြောင်းလဲလာတဲ့ ဆေးပညာရဲ့ အသီးအပွင့်တွေကို မြင်လည်းမြင် ကြားလည်းကြား၊ ကိုယ်တွေ့ခံစားခဲ့ရတဲ့အခါ ဒီဆွေးနွေးပွဲတွေကရတဲ့ အသိတွေက ကုသရေးပိုင်းတွင်သာမက လူထုကျန်းမာရေး စောင့်ရှောက်ကာကွယ်ရေးတွေကို တစ်ဖက်တစ်လမ်းကနေ ကိုယ်နိုင်သမျှ ပါဝင်နိုင်ကြတယ်ဆိုတဲ့ အသိကို ထူးထူးခြားခြား ရရှိခဲ့ပါတယ်။ ပြည်သူ့ကျန်းမာရေး အမြင်နဲ့ လူတစ်ယောက်ရောဂါတစ်ခုကို ကြည့်တတ် မြင်တတ် နားလည်တတ်ခဲ့ရပါပြီ။

ယနေ့ဆွေးနွေးပွဲကနေ ရတဲ့အတွေ့အကြုံတွေကနေပြီး ကလေးသူငယ် မျက်စိကျန်းမာရေးစောင့်ရှောက်မှု၊ ပညာပေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အခြားသောအဖွဲ့အစည်းတွေနဲ့ လက်တွဲပြီး မည်သို့မည်ပုံ တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြမလဲ။ အင်ဒိုချိုင်းနားနိုင်ငံတွေရဲ့အကြားမှာ အစဉ်အမြဲ ထိတွေ့လက်တွဲပြီး တိုးတက်လာတဲ့ နည်းပညာသစ်တွေကို မျက်ခြည်မပြတ်စေဖို့အရေးတွေ၊ လူထုအသွင်ကနေ နိုင်ငံတော်အသွင်အထိ တိုးမြှင့်နိုင်ကြဖို့တွေနဲ့ နိုင်ငံတော်ရဲ့ စီမံကွပ်ကဲမှုအောက်မှာ ကိုယ့်နိုင်ငံကိုယ့်လူမျိုးစရိုက်နဲ့ ကိုက်ညီမယ့်နည်းလမ်းတွေသုံးပြီး အနာဂတ်ရဲ့အသီးအပွင့်တွေဖြစ်ကြတဲ့ ကလေးသူငယ်တွေရဲ့ မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေမှာကျရာကဏ္ဍကနေ ပါဝင်ကြမယ်လို့လည်း သန္နိဋ္ဌာန်ချလိုက်မိပါတယ်။

မဲခေါင်မြစ်မင်းကတော့ အင်ဒိုချိုင်းနားကျွန်းဆွယ်နိုင်ငံတွေရဲ့အကြားမှာ ဘာသာလူမျိုး၊ အသားအရောင်၊ မျက်နှာကြီးငယ် မခွဲခြားဘဲ သာတူညီမျှ ထာဝရစီးဆင်းရှင်သန်နေရဦးမှာပါပဲ။ ကျွန်မတို့အားလုံးဟာလည်း မဲခေါင်မြစ်ကမ်းနံဘေးက (ဟန္ဓိုင်း) ဆိုတဲ့ မြို့တော်မှာ အတူတကွတွေ့ဆုံ၊ ရင်းနှီးကျွမ်းဝင်မှုတွေနဲ့အတူ နိုင်ငံတကာနဲ့ ဆက်သွယ်မှုတွေမှာ တွဲသောလက်တွေ ခိုင်မြဲစေဖို့ နောင်နှစ်တွေမှာ တွေ့ဆုံကြဖို့ ကတိတွေပြုခဲ့ကြပါပြီ။

အဲဒီနောက်မှာတော့ ကျွန်မတို့ကို စေလွှတ်ခဲ့ပါသော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် (WHO) မှ တာဝန်ရှိသူများ၊ သံအမတ်ကြီး ဦးခင်မောင်စိုး မိသားစုနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်းပြောကြားရင်းနဲ့ပဲ နိဂုံးချုပ်လိုက်ရပါတော့တယ်။ ။



**ထောက်ပံ့ငွေများ ပေးအပ်**

**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ အသက်(၇၅)နှစ် ပြည့်ပြီးသူ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေများကို လှိုင်မြို့နယ် စည်းရုံးရေးကော်မတီက ပေးအပ်စဉ်။**

(၅၄၃)

# ကလောမြို့နယ်၌ ကားဘီးပေါက်ပြီးချောက်ထဲကျ
## သန်လျင်၌ လမ်းဖြတ်ကူးသူမြေးအဘွားအား ခရီးသည်တင်ယာဉ် တိုက်မိ

နေပြည်တော် ဒီဇင်ဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် တောင်လေးလုံးကျေးရွာအနီး ဟဲဟိုး-ရွှေညောင် ကားလမ်း မိုင်တိုင်အမှတ်(၉၈/၃-၄)၌ ဒီဇင်ဘာ၂၀ ရက် နံနက် ၆ နာရီခန့်တွင် သန်းနိုင်ဦး မောင်းနှင်လာသော နီဆန်း (၁၂) ဘီးယာဉ်သည် ရှေ့ယာဘက်ဘီး ပေါက်ပြီး လမ်းယာဘက် ပေ ၃၀ ခန့် ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့သဖြင့် နှစ်ဦးသေဆုံးပြီး ယာဉ်မောင်းပါ သုံးဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။ အလားတူ စိုးအောင် မောင်းနှင်လာသော ဘီအမ် ၁၈၉ ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်တစ်စီးသည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရား အရှေ့ဘက်မုခ်အနီး၌ လမ်းဖြတ်ကူးသူ မြေးနှင့်အဘွားဖြစ်သူတို့အား တိုက်မိသဖြင့် မြေးဖြစ်သူမှာ သန်လျင်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့ပြီး အဘွားဖြစ်သူမှာ ယာပေါင်ကျိုးသွားခဲ့ကြောင်း၊ ယာဉ်မောင်းမှာယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အမှုဖွင့်ပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် ယာဉ်မောင်းနှင့် ၎င်းအား မှီခိုနေသူမိသားစုများ၊ ယာဉ်တိုက်ခံရ၍ သေဆုံး၊ ဒဏ်ရာရသူနှင့် မိသားစုများအတွက် တစ်သက်မမေ့ဖွယ် ဖြစ်ရပ်ဆိုးကြီးပင်ဖြစ်သော်လည်း နောင်မှရသော နောင်တဖြစ်၍ နောက်ကျသွားပြီဖြစ်ကြောင်း၊ ယာဉ်မောင်းနှင်သူအားလုံး သတိထားမောင်းနှင်ကြစေလိုကြောင်းဖြင့် ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားရာနေရာရှိ ဒေသခံတစ်ဦးက သတိပေးစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

## လက်အုပ်ချီမိုး ရှိခိုးကန်တော့

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် တက်ရောက်လာကြသူများက ၁၃၇၂ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီး စာပေ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ကြီးများအား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအစဉ် အလာနှင့်အညီ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြစဉ်။

(သတင်းစဉ်)





❁ **ကျောဖုံးမှ**

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

**နှုတ်ခွန်းဆက်**

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ယနေ့ ကျင်းပသည့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အစဉ်အလာမပျက် ကျင်းပနိုင်ခဲ့ကြောင်း၊ ယမန်နှစ်က ကျင်းပသော အခမ်းအနားတွင် သက်ကြီး စာပေပညာရှင်ကြီးများအား တစ်ဦးလျှင် လှူဒါန်းငွေကျပ် ၁၅၀၀၀၀ နှင့် ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့က သက်ကြီးစာပေပညာရှင်ကြီးများအား သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းပူဇော်ကန်တော့ခဲ့မှုကြောင့် ယမန်နှစ်က လှူဒါန်းသည့် အတိုင်းအတာကို ကျော်လွန်ပြီး တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၀ စီနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းနိုင်၍ ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့် နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

**မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်စဉ်။**

(သတင်းစဉ်)



**ဖတ်ကြား**

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စာဆိုတော်နေ့ သဝဏ်လွှာကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ဖတ်ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ခိုင် (မြတ်ခိုင်)က အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး(မောင်ဟေမာ)က အလှူရှင်များစာရင်းကို ဖတ်ကြားသည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား မြန်မာ့ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။



**အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်စဉ်။** (သတင်းစဉ်)

**ပေးအပ်**

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်းက ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများဖြစ်ကြသော ဒေါ်ကြန် (မကြန်)၊ ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်)၊ ဦးချမ်းအေး(မောင်စူးစမ်း)၊ အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်း၊ ဦးကျော်ဆန်း(သုခိအောင်)၊ ဦးတင်မောင်(သိပ္ပံမှူးတင်)၊ ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း)(မှူးသမိန်)၊ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)၊ ဦးဌေးမောင်(ဌေးမောင်)၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးလှကြိုင်(ပါရဂူ)၊ ဦးလှမြိုင်(ကိုဆောင်း)၊ သခင်လှကွန်း (မိုးညို)၊ ဗိုလ်မှူးကြီးခင်မောင်အေး (ငြိမ်း) (ခင်မောင်အေး-မန္တလေး)၊ ဗိုလ်ကလေးတင့်အောင်၊ ဦးကျော်ဝင်း (ဝမ်းအိုဝမ်း ကျော်ဝင်းမောင်)၊ ဦးမောင်ကလေး (သောကြာမောင်ကလေး)နှင့် ဦးချစ်လှိုင် (ကိုကိုမောင်ကြီး)တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၃၀၀၀၀ စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ လှူဒါန်းငွေကျပ် ၅၀၀၀၀ စီနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လှူဒါန်းငွေကျပ် ၁၂၀၀၀၀ စီ စုစုပေါင်း လှူဒါန်းငွေကျပ် ၂၀၀၀၀၀ စီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက် ပေးအပ်သည်။

**ဂါရဝပြု**

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ ဒုတိယမြို့တော်ဝန် ဦးမောင်ပါ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတို့က ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီးများအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ ကိုယ်စား ဆရာကြီး ဦးဌေးမောင်(ဌေးမောင်)က ဩဝါဒစကား ပြန်လည်ပြောကြားသည်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်၌ကျင်းပရာ အမှတ်(၁)အားကစားကွင်း၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## မအူပင်(တောင်) ပေနက်အစမ်းတွင်း အမှတ်(၁)တူးဖော်နေမှု စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၆

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မအူပင် (တောင်)ဒေသ ပေနက်အစမ်းတွင်းအမှတ်(၁)မှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ အောင်မြင်စွာ တူးဖော်ထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မအူပင် (တောင်) ဒေသအတွင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေစမ်းသပ်တူးဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မအူပင် (တောင်)ဝန်းကျင် ဒေသအတွင်း တိုင်းတာပြီးစီးသည့် ဆိုက်စမစ် အချက်အလက်များနှင့် ပေလတ်တွင်းတူးစက်များဖြင့် အနက်ပေ ၃၇၀၀ ကျော် တူးဖော်စမ်းသပ်တွေ့ရှိချက်များအရ ပေနက် သဲကြောအသစ်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်ကြောင်း သုံးသပ်ခဲ့ပြီး မအူပင် (တောင်)ဒေသတွင်း ယခု ပထမဆုံး ပေနက်တွင်းတူးစက်အသုံးပြု၍ တူးဖော်ခဲ့ရာ အနက်ပေ ၉၀၀၀ ကျော်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ စတင်စမ်းသပ် တွေ့ရှိခဲ့ကြောင်း၊ ယခုကဲ့သို့ ပေနက်သဲကြောသစ်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ စမ်းသပ်တွေ့ရှိရသဖြင့် နောက်ထပ် ရေနံမြေအသစ်တစ်ခု ပေါ်ပေါက်ရန် အလားအလာရှိရာ ထပ်မံ၍ ပေနက်တွင်းသစ်များကို သတ်မှတ်သည့် ရက်များအတိုင်း ဆက်တိုက်တူးဖော်နိုင်ရေး ဝန်ထမ်းများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ရှေ့လုပ်ငန်းစဉ်များကို အသေးစိတ် ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မအူပင် (တောင်) ပေနက် အစမ်းတွင်းအမှတ်(၁) သို့ ရောက်ရှိကာ တွင်းတူးဖော်ပြီးစီးမှုနှင့် သဘာဝဓာတ်ငွေ့များ မီးရှို့စမ်းသပ်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** အဆိုပါတွင်းသစ်မှ နေ့စဉ် သဘာဝ ဓာတ်ငွေ့ ကုဗပေ ၁ ဒသမ ၂ သန်း၊ လေဆီသုံးစည် ထွက်ရှိသည်။ ယခု ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ဓာတ်မြေဩဇာစက်ရုံများနှင့် CNG ယာဉ်များအတွက် အသုံးပြုနိုင်မည် ဖြစ်သည်။

မအူပင် (တောင်)ဒေသအပြင် လက်ရှိ လေဆီနှင့် သဘာဝဓာတ်ငွေ့များကို စီးပွားဖြစ် ထုတ်လုပ်ပေးလျက်ရှိသော ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၏ တောင်ဘက် မိုင် ၄၀ အကွာရှိ မြင်းကကုန်းနှင့် ကျွန်းညိုကြီးဒေသတွင်လည်း ဆိုက်စမစ်တိုင်းတာရရှိသည့် အချက်အလက်များအရ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် အလားအလာကောင်းများ တွေ့ရှိရသဖြင့် ပေနက်တွင်းသစ်များ ဆက်လက်တူးဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဒေသများအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ် ပေါ်ပေါက်လာရန် အလားအလာကောင်းများရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**ဒီဇင်ဘာ ၂၅ ရက် က ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) အားကစားပြိုင်ပွဲရုံ၌ ကျင်းပပြီးစီးခဲ့သော (၁၆)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာသိုင်းပြိုင်ပွဲ၏ စွမ်းရည်ပြပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သူရဘိုနီ တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။**

(သိုင်းအဖွဲ့ချုပ်)

## မြေနီကွင်းကျေးရွာနှင့် ကြီးလေးကြီးကျေးရွာချင်းဆက် လမ်းဖောက်

**လှည်းကူး ဒီဇင်ဘာ ၂၆**

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော မြေနီကွင်းကျေးရွာနှင့် ကြီးလေးကြီး မြေသားဆက်လမ်းအား စက်ယန္တရားဖြင့် ဖောက်လုပ်နေမှုကို ဒီဇင်ဘာ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်း လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။**(ဝဲပုံ)**

(မြို့နယ်စည်ပင်)

## ရင်ဘတ်ကြီးနဲ့ ချစ်လိုက်မယ်ဇာတ်ကား ရုံတင်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဒီဇင်ဘာ ၂၄ ရက် (သောကြာနေ့) တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေးမှ သန်းထွန်းစီစဉ်ပြီးလှ(အညတရ)၏ ဇာတ်လမ်းကို မောင်အောင် (ရူပဗေဒ)နှင့် ကိုရွှေမိုးသက်တို့ ဇာတ်ညွှန်းရေးသားကာ သရုပ်ဆောင်ဒါရိုက်တာအဖြစ် အကယ်ဒမီ ဝါဝါဝင်းရွှေ သရုပ်ဆောင်ရိုက်ကူးသည့် ရင်ဘတ်ကြီးနဲ့ချစ်လိုက်မယ် ဇာတ်ကား သစ် ရုံတင်ပြသမည်ဖြစ်သည်။

### မိဘမေတ္တာဘွဲ့

ဇာတ်လမ်းမှာ အချစ်နှင့်မိဘမေတ္တာဘွဲ့ဇာတ်လမ်းဖြစ်သော်လည်း ပရိသတ် မပျင်းရိစေရန် ဝါရင့်သရုပ်ဆောင်တစ်ဦးဖြစ်သည့် ဒေါ်ဝါဝါဝင်းရွှေက ၎င်း၏ရုပ်ရှင်အနုပညာ အတွေ့အကြုံကို အသုံးချပြီး လက်စွမ်းပြရိုက်ကူးထားရာ ပရိသတ်အကြိုက်တွေ့မည့် ဇာတ်ကားကောင်းတစ်ကားဖြစ်မည်ဟု ယုံကြည်ပါသည်။ ညွှန့်ဝင်း၊ ရန်အောင်၊ ပြေတီဦး၊ သားထူး၊ ဝါဝါဝင်းရွှေ၊ မိုးဟေကို၊ အရိုင်း၊ ဝင်းနိုင်(အနုပညာ)၊ စိုပြေ၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်၊ ကစ်ကစ်နှင့် ပွင့်တို့ ခေါင်းဆောင်ပါဝင်ကြသည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံသုံးရုံ၊ ဂျန်းရှင်းမော်တင်နှင့် မန္တလေးဝင်းလိုက်နှင့် မြို့မရုံများ၌ တစ်ပြိုင်တည်းပြမည်ဖြစ်သည်။

### ကျောက်စက်ရေ

ကျောက်စက်ရေ မြန်မာဇာတ်ကား သစ်မှာ မြို့လယ် ဝဇီရာ၊ မဟာမြိုင်၊ မင်းရန်အောင်နှင့် ရွှေရတနာရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

### နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် နိုင်ငံခြားရုပ်ရှင်နာမည်ကြီးလူမည်းသရုပ်ဆောင် ဒင်ဇယ် ဝါရှင်တန်ပါဝင်သည့် UNSTOPPABLE ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် ဖခင်ပျောက်ဆုံးမှုကို ရှာဖွေရင်း ၎င်းကိုယ်တိုင် မြင့်မားသည့် နည်းပညာကွန်ရက်အတွင်း ကျရောက်သွားခဲ့သည့် နည်းပညာကျွမ်းကျင်လူငယ်တစ်ဦးအဖြစ် ဇာတ်လမ်းကို ရိုက်ကူးပေးသည့် သိပ္ပံဆန်းကျယ်ဇာတ်ကား TRON:LEGACY ဇာတ်ကားပြသမည်ဖြစ်သည်။ (ကြေးမုံ)

---

နိုင် ငံ တ ကာ အား က စား သ တင်း နိုင် ငံ တ ကာ အား က စား သ တင်း နိုင် ငံ တ ကာ အား က စား သ တင်း

## လီယိုနာဒိုအား အင်တာမီလန်နည်းပြအဖြစ် ခန့်အပ်

**မီလန် ဒီဇင်ဘာ ၂၆**

အီတလီစီးရီးအေကလပ် အင်တာမီလန်သည် ထုတ်ပယ်လိုက်သည့် နည်းပြဘင်နီတက်ဇ်၏ နေရာတွင် အေစီမီလန်အသင်း၏ ကစားသမားဟောင်းလည်းဖြစ် နည်းပြဟောင်းလည်းဖြစ်သူ လီယိုနာဒိုကို တရားဝင် ခန့်အပ်လိုက်ပြီဖြစ်သည်။



**အင်တာမီလန်အသင်း၏ နည်းပြသစ်ဖြစ်လာသည့် လီယိုနာဒို။**

အင်တာမီလန်အသင်းသည် အသက် (၄၁) နှစ်သာရှိသေးသည့် ဘရာဇီးနိုင်ငံသား လီယိုနာဒိုနှင့် တစ်နှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လီယိုနာဒိုသည် အင်တာမီလန်အသင်းတွင် ၂၀၁၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ရှိနေမည်ဖြစ်သည်။ အင်တာနည်းပြအသစ် လီယိုနာဒိုသည် အသင်းအား ဒီဇင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ကိုင်တွယ်မည်ဖြစ်သည်။

လီယိုနာဒိုအား နည်းပြအဖြစ်ခန့်အပ်ခြင်းကို အသင်းရှိ တာဝန်ရှိပုဂ္ဂိုလ်အားလုံးက သဘောတူသကဲ့သို့ အသင်းခေါင်းဆောင် ဇနက်တီအပါအဝင် အသင်းသားအားလုံးက ဝမ်းပန်းတသာ ဖြစ်လျက်ရှိကြသည်။ ***အင်တာနက်။***

### ဝင်းတင်(ကြေးမုံ)

## အီဗရာဟင်အဖယ်လေအား ဘာစီလိုနာခေါ်ယူ

**ဘာစီလိုနာ ဒီဇင်ဘာ ၂၆**

စပိန်လာလီဂါထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် ပီအက်စ်ဗွီအသင်းမှ နယ်သာလန်ကြယ်ပွင့် အီဗရာဟင် အဖယ်လေကို အပြီးသတ်ခေါ်ယူ စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီ ဖြစ်သည်။

ဘာစီလိုနာအသင်းသည် အဖယ်လေအား ပေါင် ၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ကာ လေးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်ဟု ဆိုသည်။ အသက် (၂၄) နှစ်ရှိ အဆိုပါကစားသမားအား စာချုပ်ချုပ်ဆိုရာတွင် လေးနှစ်ခွဲမပြည့်မီ စာချုပ်ဖောက်ဖျက်ပါက ပေါင် ၈၅ သန်းလျော်ကြေးပေးရမည်ဟု ထည့်သွင်းချုပ်ဆိုထားသည်။ ၎င်းအပြင် ၂၀၁၃ ခုနှစ် မတ်လတွင်ကျရောက်မည့် ဘာစီလိုနာအသင်း၏ နှစ်ရာပြည့်ပွဲတော်တွင်လည်း ပီအက်စ်ဗွီအသင်းနှင့် ခြေစမ်းပွဲကစားပေးရမည်ဟု စာချုပ်တွင်ထည့်သွင်းချုပ်ဆိုထားကြောင်းလည်း သိရသည်။ ***အင်တာနက်။***




**ဘာစီလိုနာအသင်းမှ အသစ်ခေါ်ယူလိုက်သည့် အဖယ်လေ။**

## ရွှေ့ဆိုင်းခဲ့သည့် ချယ်လ်ဆီး-မန်ယူပွဲ မတ်လ ၁ ရက်တွင် ပြန်ကစားမည်

**လန်ဒန် ဒီဇင်ဘာ ၂၆**

ချယ်လ်ဆီးအသင်းက ၎င်းနှင့် ပရီမီယာလိဂ်ဖလားလုဘက် မန်ယူအသင်းနှင့် ရွှေ့ဆိုင်းခဲ့ရသည့်ပွဲကို မတ်လ ၁ ရက်နေ့တွင် ပြန်ကစားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ချယ်လ်ဆီးအသင်း အိမ်ကွင်းတွင် မန်ယူအသင်းအား လက်ခံကစားရမည့် ပွဲစဉ်အား ကွင်းအတွင်း ဆီးနှင်းများဖုံးလွှမ်းနေသောကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

ရာသီဥတုဆိုးရွားမှုကြောင့် ရွှေ့ဆိုင်းခဲ့ရသော ထိုပွဲစဉ်အား မတ်လ ၁ ရက်နေ့တွင် ချယ်လ်ဆီးအသင်း၏ စတမ်းဖို့ဒ်ဘရစ်ကွင်း၌ ပြန်ကစားမည်ဖြစ်ပြီး ထိုပွဲစဉ်အား စကိုင်းစပေ့ါတ်စ် ရုပ်သံလိုင်းတွင် တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဟု ချယ်လ်ဆီးအသင်းက ကြေညာခဲ့သည်။

သို့သော်လည်း ၎င်းတို့နှစ်သင်း အနက် တစ်သင်းသင်းသည် FA ဖလားပဥ္စမအဆင့်၏ ပြန်ကန်ပွဲစဉ်များတွင် ပါဝင်ကစားရဖွယ်ရှိသောကြောင့် ယခု သတ်မှတ်ထားသော ရက်သည် ယာယီသာဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ၎င်းတို့နှစ်သင်းစလုံးသည် ထိုအဆင့် မတိုင်မီ FA ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပါက ၎င်းတို့၏ ပြန်ကန်သည့် ပွဲစဉ်အား စနေ၊ တနင်္ဂနွေ တစ်ရက်ရက်သို့ ပြန်လည် ပြောင်းလဲစီစဉ်ရမည်ဖြစ်သည်။ ***အင်တာနက်။***

### ပရီမီယာလိဂ်ပွဲစဉ် (၁၉)ရလဒ်များ

ဖူလ်ဟမ် ၁ - ၃ ဝက်စ်ဟမ်း
ဘလက်ဘန်း ၀ - ၂ စတုတ်စီးတီး
ဘော်လ်တန် ၂ - ၀ ဝက်စ်ဘရွန်း
မန်ယူ ၂ - ၀ ဆန်းဒါးလန်း
နယူးကာဆယ် ၁ - ၃ မန်စီးတီး
ဝုလ်ဗာဟမ်တန် ၁ - ၂ ဝီဂန်

***အင်တာနက်။***

**စိုးတင့်နိုင်**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

# ၁၃၇၂ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပ
# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အလှူငွေနှင့် ကန်တော့ပစ္စည်းများပေးအပ်
# အခမ်းအနား မတက်ရောက်နိုင်ကြသည့် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား အိမ်တိုင်ရာရောက် ကန်တော့သွားမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

**မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးမှူး၍ ၁၃၇၂ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ကာ အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်သည်။**

အခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်စဉ်။** (သတင်းစဉ်)